


# ဝေဒနာကိုမတွေ့စေနဲ့ ဝေဒနာပျက်တာကိုတွေ့ပါစေ

၁၅၃

ဟောကြားသည့်နေ့
(၁၄-၈-၁၉၅၈)

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၃၇)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဝေဒနာကို မတွေ့စေနဲ့
# ဝေဒနာပျက်တာကိုတွေ့ပါစေ

ဟောကြားသည့်နေ့ (၁၄-၈-၁၉၅၈)

တရားဂရုစိုက်ကြပါ။ ပဋိစ္စသမုပ္ပါဒ်ထဲမှာ ကာလသုံးပါး ရှိတယ်ဆိုတာ မှတ်ထားပါ။ ဒီကာလသုံးပါဟာ ယခုအခါ မပေါ်လာသေးပါဘူး . . . (မှန်ပါ့)။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ ဒီက ပြတာလည်း ကြည့် လည်း ကြည့်ပါလို့ သတိပေးလိုက်တယ်။ ဒီဘက်က နှစ်ခုချထား တာသည် ဘာပါလိမ့်မလဲ -- (ဇရာ မရဏပါဘုရား)။

## နိုပ်စက်တတ်သောကြောင့်ဒုက္ခသစ္စာ

ဇရာ မရဏဆိုတာ ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ပါဠိလိုသုံးတော့ ဇရာ၊ မရဏ၊ မြန်မာလို ခန္ဓာကိုယ်ထဲ ကြည့်လိုက်တဲ့ အခါကျတော့ အိုမှု တေဇောနဲ့ သတ်မှု တေဇောလို့မှတ်လိုက်ပါ (မှန်ပါ့)။ သူတို့က အိုအောင်လုပ် တတ်တဲ့ တရားဖြစ်သောကြောင့် ဘုရားသဏ္ဍာန်ကိုလည်း အိုအောင် လုပ်တာပဲ။ စကြဝတေး မန္ဓာတ် သဏ္ဍာန်လည်း အိုအောင် လုပ်တာပဲ . . . (မှန်ပါ့)။ ဒါကြောင့် ဇရာ မရဏ သည် နှိပ်စက်တတ်သောကြောင့် ဒုက္ခသစ္စာ လို့မှတ်ပါ . . . (မှန်ပါ့)။

ဇရာ မရဏဆိုတဲ့ တေဇောဓာတ်သည် ပုဂ္ဂိုလ် သတ္တဝါမရွေး နှိပ်စက်တတ်သောကြောင့် သူ့ကို ဘာသစ္စာလို့ ဆိုကြမလဲ . . . (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာလို့ ဒကာ ဒကာမတွေ မှတ်ထားပါ။

## သစ္စာကိုဉာဏ်ထဲဆိုက်အောင်ကြည့်

အဲဒီတော့ ဒီတရားပွဲမှာ အားလုံးလာကြတဲ့ ဒကာ ဒကာမ တွေက သစ္စာကို ယခုဉာဏ်ထဲ ဆိုက်အောင် ကြည့်ပါလို ဘုန်းကြီး က မေတ္တာရပ်တယ်. . . (မှန်ပါ)။

အခု ခန္ဓာကိုယ်ထဲမှာ စမ်းကြည့်တော့ ပူမှုကလေးများ

ရှိသလားလို့ မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (ရှိပါတယ်ဘုရား)။

အဲဒါလောင်နေတာ။ တေဇောဆိုတဲ့မီးက ကျန်တဲ့ခန္ဓာတွေကို ရုပ်ကလာပ်တွေကို လောင်နေသောကြောင့် သူသည် အိုအောင်လုပ်နေတဲ့ ပူနွေးမှုပဲလို့ မှတ်လိုက်ပါ . . . (မှန်လှပါ)။

အိုအောင် လုပ်နေတဲ့ ပူနွေးမှုသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါမရွေးနှိပ်စက်သောကြောင့် သူ့ကို ဒုက္ခသစ္စာလို့ မှတ်လိုက်ပါ. . . (မှန်ပါ)။ သေအောင်သတ်တတ်သောကြောင့်လည်း သူ့ကို ဒုက္ခသစ္စာလို့ မှတ်ပါ . . . (မှန်ပါ)။

ပုဂ္ဂိုလ်သတ္တဝါကို ညာတာမဖက် အမြဲနှိပ်စက်သောကြောင့် ငါတို့သဏ္ဍာန်၌ ရှိတဲ့ ပူနွေးမှုကို ဇရာဆိုတာလည်း သူ့ကို ဆိုတာပဲ။ သေအောင်လုပ်မယ့် တရားဟာလည်း သူပဲလို့ မှတ်ထားပါ . . . (မှန်လှပါ)။

## ပူနွေးမှုတေဇော

ဒါဖြင့် တရားနာတဲ့ ဒကာ ဒကာမတွေ၌ ခန္ဓာကိုယ်ထဲ ပူနွေးမှုရှိပါရဲ့လား . . . (ရှိပါတယ်ဘုရား)။ အဲဒါ ဇရာတရား . . . အိုအောင်လုပ်နေတဲ့တရား . . . (မှန်ပါ)။ နောက်ကျလို့ရှိရင်ဖြင့် အိုအောင်လုပ်ရာကနေပြီး သေအောင်လုပ်မယ့်တရားလည်း ဒီပူနွေးမှု တေဇောပဲလို့မှတ်လိုက်ပါ . . . (မှန်ပါ)။

ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါမရွေး ဒကာကြွယ်တို့၊ ဦးလှဖူးတို့ အနှိပ်စက်ခံနေရတာပဲဆိုတာ ငြင်းစရာလိုသေးသလား . . . (မလိုပါဘူးဘုရား)။

ဒါဖြင့် ဒီတရားသည် ပုဂ္ဂိုလ်သတ္တဝါမရွေး နှိပ်စက်တတ်သောကြောင့် ဒုက္ခရောက်အောင်လုပ်တတ်သော ကြောင့်လဲ ဒုက္ခ . . . (မှန်ပါ)။ ပုဂ္ဂိုလ်မရွေး နှိပ်စက်နိုင်သော ကြောင့်လဲ သစ္စာ. . . (မှန်ပါ)။ ဒါဖြင့် ဒုက္ခနဲ့သစ္စာပေါင်းလိုက်တော့ . . . (ဒုက္ခသစ္စာပါ)။

ဩော်-ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဆိုတာ ငါတို့က ခလုတ်တိုက်မှ ဆူးငြိမှ တစ်ခုခုထိခိုက်မှ ဒုက္ခသစ္စာထင်နေတယ်။ မဟုတ်ပါလား . . . အမြဲနှိပ်စက်တတ်တဲ့တရားက နှိပ်စက်နေသောကြောင့်၊ တို့ကလဲ အနှိပ်စက်ခံနေရသောကြောင့် ဒုက္ခသစ္စာပါလား၊ လက်ရှိခန္ဓာကြီး၏ ပူဇွေးမှု၏ ဒဏ်ချက်ကို ဒလစပ်ခံနေရသောကြောင့် ဘာသစ္စာဖွဲ့ကြမယ် . . . (ဒုက္ခသစ္စာပါဘုရား)။

## ပူဇွေးမှုက ဘယ်သူ့လောင်နေသတုံး

ဟုတ်ကြရဲ့လား . . . (ဟုတ်ပါတယ်)။ ပူဇွေးမှုရှိရဲ့လား . . . (ရှိပါတယ်)။ အဲဒါက ဘယ်သူ့လောင်နေသတုံး မေးရင် ဘယ့်နှယ် ဖြေပါ့မယ် . . . (ခန္ဓာကိုယ် လောင်ပါတယ် ဘုရား)။

မီးသည် နီးရာ အကုန်လောင်တာပဲလို့ မှတ်လိုက်ပါ . . . (မှန်ပါ)။ မီးသည် နီးရာအကုန်လောင်သောကြောင့် တေဇောက နှိပ်စက်တတ်တဲ့ တရား၊ တေဇောမှ တစ်ပါး ကျန်တဲ့ရုပ်နာမ် တွေက အနှိပ်စက်ခံရတဲ့ တရား . . . (မှန်ပါ)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ့်ဒ ဩော် . . . တရားနာနေရတာ တရားနာနေတယ်ဆိုတာလဲ ဟုတ် တာပဲ၊ အနှိပ်စက် ခံနေရတယ်ဆိုရင်ကော . . . (ဟုတ်ပါတယ် ဘုရား)။

## အနှိပ်စက်ခံရသောကြောင့်ဒုက္ခသစ္စာ

ဒါကြောင့် လက်ရှိခန္ဓာကြီးသည် အနှိပ်စက်ခံရသော ကြောင့်လဲ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ ဘုရား)။

ဩော် . . . ဒုက္ခသစ္စာ ဒုက္ခသစ္စာဆိုတာ တခြားလား မှတ်တယ် . . . ခန္ဓာကိုယ်ထဲက တေဇောနှိပ်စက်တာကို ခံနေရသောကြောင့်၊ လက်ရှိခန္ဓာကြီးသည် တေဇော၏ သဘော ကို မလွန်ဆန်နိုင်ဘဲနဲ့ အလောင်ခံနေရသောကြောင့် ဘာသစ္စာ ဆိုကြမလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ သေအောင်လောင် သောကြောင့်လဲ ဘာသစ္စာတုံး . . . ( ဒုက္ခသစ္စာပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ ဘုရား)။

ဩော် - ဒါဖြင့် ဒကာ ဒကာမတို့ လက်ရှိခန္ဓာကြီး၏ အကြောင်း ကောင်းကောင်းသိပြီလား . . . (သိပါပြီ)။

## အကြောင်းသမုဒယကြောင့်ဖြစ်တယ်

ဒုက္ခသစ္စာသည်ကားလို့ ဆိုလို့ရှိရင် ဒကာဒကာမတို့ လက်သည် အကြောင်းကို ရှာပါဦးလို့ သတိပေးလိုက်တယ်နော် . . . (မှန်ပါ)။ လက်သည်အကြောင်းကို ရှာတဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာ ဒကာမတွေ သမုဒယကြောင့်ဖြစ်မှာပဲ . . . (မှန်ပါ)။

လက်သည်ရှာတော့ ဘာတွေ့မယ်ထင်သတုံး . . . (တဏှာ သမုဒယပါ ဘုရား)။ သမုဒယကို တွေ့မယ်လို့ မှတ်လိုက်စမ်းပါ - (မှန်ပါ)။ တဏှာရယ်လို့ မထည့်ပါနဲ့တော့ သမုဒယကို တွေ့မယ်လို့ ဆိုပါ။ သမုဒယဆိုတဲ့အကြောင်းတွေ့မယ် . . . (မှန်ပါ)။

ဒါဖြင့် ဇရာ မရဏ ဘယ်ကလာသတုံးလို့ မေးခွန်းထုတ်တော့ ဇာတိကလာတယ် . . . (မှန်ပါ)။

ဒကာ ဒကာမတွေ ဒီဟာကလေး ဘာပါလိမ့် . . . (ဇာတိပါဘုရား)။ ဩော် - ဒါဖြင့် ဇာတိကြောင့် ဇရာမရဏ ဖြစ်တယ် . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ဇာတိကြောင့်ဇရာမရဏာဖြစ်တယ်

ဇာတိကြောင့် ဇရာ မရဏာဖြစ်တယ်ဆိုတာ သိသော ကြောင့် ဇာတိကအကြောင်း သမုဒယ။ ဇရာ မရဏာက အကျိုးဒုက္ခ ။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဇာတိကြောင့် ဇရာ မရဏာဖြစ်တယ်ဆိုတာ သိသော ကြောင့် ဇာတိက အကြောင်းသမုဒယ။ ဇရာ မရဏာက အကျိုး ဒုက္ခ။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဩော်- ပါဠိတော်နဲ့ သွားကိုက်ပါရဲ့လားလို့ မေးခွန်း ထုတ်ကြည့်တဲ့အခါကျတော့ ရွတ်လိုက်စမ်းပါ ဇာတိပစ္စယာ . . . (ဇရာ မရဏာပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီ)။

ဩော်- ဒါဖြင့် ဇာတိကြောင့်ဖြစ်တဲ့ ဇရာ မရဏာဆိုတော့ ဇာတိက သမုဒယသစ္စာ။ အကြောင်းသမုဒယသစ္စာ . . . (မှန်ပါ)။ ဇရာ မရဏာ . . . (အကျိုးဒုက္ခသစ္စာပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ ဘုရား)။

## ဘယ်ဇာတိမှမကြိုက်ပါနဲ့

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်ဇာတိမှ မကြိုက်ပါနဲ့လို့ ဘုန်းကြီးက ကန့်ကွက်လိုက်တယ် . . . (မှန်ပါ)။ ဘယ်ပဋိသန္ဓေမှ မကြိုက်ပါနဲ့လို့ ကန့်ကွက်လိုက်တယ် . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

ဘယ်ပဋိသန္ဓေမှ မကြိုက်ပါနဲ့လို့ ကန့်ကွက်ရခြင်းသည် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သမုဒယသစ္စာကို ကြိုက်မိမှာစိုးလို့ . . . (မှန်ပါ့)။ သမုဒယသစ္စာ ကြိုက်မိပြီဆိုမှဖြင့် ဒုက္ခသစ္စာကြီး ဟာ ပွေ့ပိုက်ပြီးသကာလ နေရတော့မှာက သေချာတယ် . . . (မှန်ပါ့)။

## ဇာတိရှိတဲ့ပုဂ္ဂိုလ်တွေ၏ဖြစ်ထွေ

ဒါကြောင့် လူတို့ဇာတိကလဲ ဒကာ ဒကာမတို့ သမုဒယသစ္စာပဲ . . . (မှန်ပါ)။ နတ်ဇာတိကော . . . (သမုဒယ သစ္စာပါပဲ)။ စကြဝတေး မန္ဓတ်ဇာတိ (သမုဒယသစ္စာပါ)။ ဒါကြောင့် စကြဝတေးမင်းလဲအိုပြီး သေရတယ်။ မြတ်စွာဘုရားလဲ ဇရာ တရားဝင်လာတယ်။ ပရိနိဗ္ဗာန်လဲ စံတော်မူရတယ် . . . (မှန်ပါ)။ ဘုန်းကြီးအို ဘုန်းကြီးပျံဆိုတာကော . . . (ရှိပါတယ် ဘုရား)။ အဲဒါ ဇာတိရှိတဲ့ ပုဂ္ဂိုလ်တွေ၏ ဖြစ်ထွေပဲ . . . (မှန်ပါ)။ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ဘာကြိုက်တဲ့ ပုဂ္ဂိုလ်၏ဖြစ်ထွေပါလိမ့် . . . (ဇာတိကြိုက်တဲ့ ပုဂ္ဂိုလ်၏ ဖြစ်ထွေပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။ ဒါကြောင့် ဇာတိက သမုဒယသစ္စာ။ ဇရာ မရဏက ဒုက္ခသစ္စာ . . . (မှန်ပါ့)။

## ဇာတိဘယ်ကလာပါလိမ့်

လက်သည်ရှာကြဦးစို့ ဒကာ ဒကာမတို့။ ဒီဇာတိ ဘယ်က လာပါလိမ့်မလဲလို့ မေးခွန်းထုတ်ဖို့ မလိုဘူးလား . . . (လိုပါတယ်ဘုရား)။ ဒီဇာတိသည်ကားလို့ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ကံက လာတာပဲ (မှန်ပါ)။ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးခုက လာတယ် . . . (မှန်ပါ)။

ဒကာကြွယ် ဘယ်ကလာပါလိမ့် . . . (ကာယကံ၊ ဝစီကံ၊ မနောကံက လာပါတယ်)။

ဩော်- ဒါဖြင့် ကံသုံးခုဆိုတဲ့ ကမ္မဘဝကြောင့် ဇာတိဖြစ်တယ် (မှန်ပါ့)။ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ဩော်-ဒါဟာ ခင်ဗျားတို့ ရိုးရိုးပါဠိရွတ်တော့ ဘဝ ပစ္စယာ ဇာတိ . . . (မှန်ပါ)။ သို့သော် ခင်ဗျားတို့ ဉာဏ်ထဲ ရှင်းသည်ထက် ရှင်းအောင်ဟောပြန်တော့ ကမ္မဘဝပစ္စယာ ဇာတိလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

ကောင်းပြီ ဒကာ ဒကာမတို့၊ ကမ္မဘဝပစ္စယာဇာတိ ဆိုတာ ကျေနပ်ပါပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ပစ္စုပ္ပန်ဘဝက လုပ်လို့ အနာဂတ်ဇာတိရတယ် . . . (မှန်ပါ)။

ကာယကံ၊ ဝစီကံ၊ မနောကံက ဘယ်ဘဝကနေပြုတာ ပါလိမ့်. . . (ပစ္စုပ္ပန်ဘဝက ပြုတာပါ)။ ပစ္စုပ္ပန်ဘဝကနေပြုသော ကြောင့် အနာဂတ်ဘဝ၌ ဒီဇာတိရပါတယ် . . . (မှန်ပါ)။ ဒါဖြင့်

ဆက်လိုက်တဲ့အခါကျတော့ ဘ၀ပစ္စယာ . . . (ဇာတိပါဘုရား)။ သဘောကျပြီလား (ကျပါပြီ) ဒါဖြင့် ဘ၀ကအကြောင်း၊ ဇာတိက . . . (အကျိုးပါဘုရား)။

ဒါဖြင့် ဘ၀က အကြောင်းသမုဒယ။ ဇာတိကအကျိုး ဒုက္ခ . . . (မှန်ပါ)။

ဒကာ ဒကာမတို့ အခု နောက်ဆုတ်လာခဲ့တဲ့အခါ ကျတော့ ဒုက္ခသစ္စာ ဘယ်နှစ်မျိုးတွေ့ပြီလဲ-- (နှစ်မျိုးပါ)။ နှစ်မျိုး တွေ့ပြီ။ ဇရာ မရဏကလဲ . . . (ဒုက္ခသစ္စာပါ)။ ဇာတိကကော . . . (ဒုက္ခသစ္စာပါ)။ သမုဒယကတော့ ဒီဘက်က (မှန်ပါ)။

ဒါကြောင့် ဒကာ ဒကာမတို့ ကာယကံ၊ ၀စီကံ၊ မနောကံ ဆိုတာ အကြောင်းသမုဒယ။ ဇာတိက အကျိုးဒုက္ခ (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ)။

## ဇာတိကို ဖြစ်စေမည့်ကံကိုကြောက်ပါ

ကောင်းပြီ အဲဒါတွေ စဉ်းစားလိုက်ပြန်တော့ ကာယကံ၊ ၀စီကံ၊ မနောကံဟာ ကုသိုလ် ကာယကံ၊ ၀စီကံ၊ မနောကံနဲ့ ဇာတိဖြစ်စေရင်ဖြင့် ကြောက်ကြပါတော့ . . . (မှန်ပါ)။ ကာယကံ၊ ၀စီကံ၊ မနောကံသည် ဇာတိကိုဖြစ်စေမယ့် ကံပဲလို့ သဘောက်ကြောက်ကြပါ။

ဘယ့်နှယ်ကြောင့် အကြောက်ခိုင်းရပါလိမ့်မတုံးလို့ မေးခွန်းထုတ်တော့ ကာယကံ၊ ဝစီကံ၊ မနောကံက သမုဒယ သစ္စာ . . . (မှန်ပါ)။ ဇာတိက . . . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဇာတိနဲ့ ဒုက္ခသစ္စာဖြစ်ပြီး သကာလနေတော့ ဘုန်ကြီးတို့ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကံအကြောင်း ချုပ်သွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဇာတိ ချုပ်မှာပဲ -- (ချုပ်မှာပါ ဘုရား)။ ကံအကြောင်း မချုပ်ရင် -- (ဇာတိ မချုပ်ပါဘူး)။

ဒါကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံသည် ကုသိုလ် ကာယကံ၊ ကုသိုလ်ဝစီကံ၊ ကုသိုလ်မနောကံ, . . . (မှန်ပါ)။ အကုသိုလ် ကာယကံ၊ အကုသိုလ် ဝစီကံ၊ အကုသိုလ် မနောကံ၊ . . . (မှန်ပါ)။ ဒီကံတွေဟူသရွေ့သည် ကုသိုလ်ကံဖြစ်ဖြစ် အကုသိုလ်ကံဖြစ်ဖြစ် ဇာတိကိုဖြစ်စေတဲ့ တရားဖြစ်ခဲ့လို့ရှိရင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကုသိုလ်ရော အကုသိုလ် ရော ဒါနှစ်ခုစလုံးစွန့်လိုက်တယ် . . . (မှန်ပါ)။ သဘောကျပြီ လား --- (ကျပါပြီ)။

ကုသိုလ် အကုသိုလ်ကို ဘုရားက ဘာတဲ့ . . . (စွန့်ပါ တယ် ဘုရား)။

ဘာကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကုသိုလ် အကုသိုလ်ကို စွန့်ပါလိမ့်မတုံးဆိုတော့ ဒီကံမစွန့်ရင်

သူသည် နိဗ္ဗာန်စံမြန်းသည်အထိ မရောက်ဘူး ဇာတိရနေမယ် (မှန်ပါ)။

ဒီကံမစွန့်ရင် ဘာရမယ် . . . (ဇာတိရပါမယ်)။ ဉာဏ်နားနဲ့ ထောင်ကြပါ ဒကာ ဒကာမတို့။ ဇာတိဖြစ်စေတဲ့ ကံဖြစ်ရင် ပယ်ရလိမ့်မယ် . . . (မှန်ပါ့)။ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဘယ်ကံဖြစ်ရင် ပယ်ရမှာတုံး . . . (ဇာတိပဋိသန္ဓေဖြစ်စေတဲ့ ကံဖြစ်ရင် ပယ်ရမှာပါ)။

ဒါဖြင့် ကုသိုလ်ကံလုပ်လည်း ဒကာ ဒကာမတို့ ဇာတိကြောက်ပြီးလုပ်ပါ. . . (မှန်ပါ)၊ ဇာတိမရချင်လို့ ကုသိုလ်လုပ်ပါ. . . (မှန်ပါ)။ အကုသိုလ်ကံကတော့ နဂိုကတည်းက ပယ်ရမယ့် တရားမို့ ဘုန်းကြီး တိုက်တွန်းနေဖို့တောင် မလိုပါဘူး. . . (မှန်ပါ)။

ဒါဖြင့် ကုသိုလ်ကံပေမယ့်လည်း ကြောက်စရာကံတစ်မျိုး မကြောက်ရမယ့်ကံတစ်မျိုး. . . (မှန်ပါ)။ ဇာတိဖြစ်စေမယ့်ကံဖြစ်ရင်. . . (ကြောက်ရမှာပါ)။ ဇာတိမဖြစ်စေတဲ့ ကံဖြစ်ရင် (မကြောက်ရပါဘူး)။

ဒါကြောင့် ဒကာ ဒကာမတွေ ကုသိုလ်လုပ်တိုင်းလည်း ခင်ဗျားတို့ မှန်ပြီဟု အယူမရှိလိုက်ကြပါနဲ့. . . (မှန်ပါ)။

## ကုသိုလ်ကိုရဲရဲတင်းတင်းလုပ်ပါ သို့သော် –

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပါတယ်၊ ပုညံ ဘိက္ခဝေ မာဘာယိတ္ထ။ ဘိက္ခဝေ-ရဟန်းတို့။ ပုညံ-ကောင်းမှုပြု တာကို။ မာဘာယိတ္ထ-မကြောက်ပါနဲ့ (ဝါ) ရဲရဲတင်းတင်းပြုပါလို့ ဆိုတယ် (မှန်ပါ)။ မကြောက်ရဘူးတဲ့ ရဲရဲတင်းတင်းပြုပါလို့ဆို တယ် (မှန်ပါ)။ မကြောက်ရဘူးတဲ့ ရဲရဲတင်းတင်းလုပ်ရမယ်တဲ့။ ရဲရဲတင်းတင်းတော့လုပ်ရပါတယ်။ သို့သော် ဇာတိရောက်မယ့် ကုသိုလ်မျိုးကတော့ မလုပ်နဲ့. . . (မှန်ပါ)။ ဇာတိကိုမဖြစ်စေတဲ့ ကုသိုလ်မျိုးဇာတိကိုကြောက်ပြီးတော့ လုပ်တဲ့ကုသိုလ်မျိုးကို ရဲရဲ တင်းတင်းလုပ်ပါလို့ သတိပေးပါတယ်. . . (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီကာယကံ ဝစီကံသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်ကလာတဲ့ ကာယကံ ဝစီကံတုံးလို့ မေးဖို့မလို ဘူးလား. . . (လိုပါတယ်ဘုရား)။ လိုတဲ့အခါကျလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မှတ်လိုက်ပါတော့ ဥပါဒါန် ကလာတာ. . . (မှန်ပါ) သဘောကျပြီလား. . . .(ကျပါပြီ)။ ဥပါဒါနပစ္စယာ ကမ္မဘဝေါ . . . (မှန်ပါ)။

## ဥပါဒါန်လေးပါး

သူ့လက်သည်ရှာပါဆိုတော့ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ သတ္တဝါဒုပါဒါန်လို့ ဘုရားက ဟောထား

သောကြောင့် ဥပါဒါန်လေးပါးဖြစ်တဲ့ ကုသိုလ်တော့ ကုသိုလ် ကောင်းလို့ပဲ ဆိုလို့ မရဘူး . . . (မှန်ပါ့)။ အကုသိုလ်တော့ နဂိုကတည်းက မကောင်းတဲ့တရားမို့ မကောင်းပါဘူးလို့ ဆိုင်းဘုတ် ဆွဲစရာမလိုပါဘူး (မှန်ပါ့)။ လိုသေးရဲ့လား . . . (မလိုပါဘူး)။

ဒါကြောင့် ကုသိုလ်ပေမယ့် ဥပါဒါန်ကြောင့်ဖြစ်တဲ့ ကုသိုလ်မျိုးကို ကြောက်ရမယ် . . . (မှန်ပါ့) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဘာထောက်လို့ရှိရင်သိမလဲ ဆိုတော့ ဥပါဒါန ပစ္စယာ . . . (ကမ္မဘဝေါ)။ ဒါဖြင့် ဥပါဒါန်က အကြောင်း သမုဒယ။ ကံက ဒုက္ခ . . . (မှန်ပါ့)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

သတ္တဝါတွေမှာ ကံနှိပ်စက်ပြီးသကာလ နေသောကြောင့် တစ်ခါတလေ ခေါင်းပြတ်ရတယ်။ လက်ကျိုးရတယ်၊ ပဋိသန္ဓေ နေရ အိုရ နာရဆိုတော့ ဒီကံ နှိပ်စက်နေသောကြောင့် ကံသည် နှိပ်စက်တတ်သောကြောင့် ဒုက္ခသစ္စာ ပီဠနဋ္ဌသဘောသတ္တိ ရှိတယ် . . . (မှန်ပါ့)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကံသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာ . . . (မှန်ပါ့) ဥပါဒါန်က . . . (သမုဒယသစ္စာပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခဘယ်နှစ်မျိုးတွေ့ခဲ့ပြီလဲ

(သုံးမျိုးတွေ့ခဲ့ပါပြီ)။ ဇရာ မရဏလဲ ဘာသစ္စာ (ဒုက္ခသစ္စာပါ) ဇာတိ . . . (ဒုက္ခသစ္စာပါ) ကမ္ဘဝ . . . (ဒုက္ခသစ္စာပါ)။

## ဥပါဒါန်ဘယ်ကလာပါလိမ့်မတုံး

သေသေချာချာမှတ်နော် ဒကာဒကာမတို့၊ ဒီဥစ္စာ သေသေချာချာပြောနေတယ် . . . (မှန်ပါ့)။

ကောင်းပြီ ဒကာ ဒကာမတို့ ဒီဥပါဒါန် ဘယ်ကလာပါ လိမ့်မတုံးလို့ မေးတဲ့အခါကျတော့ တဏှာက လာတယ် . . . (မှန်ပါ့)။ ရှင်းကြပြီလား . . . (ရှင်းပါပြီ)၊ တဏှာပစ္စယာ . . . (ဥပါဒါန်ပါ)။

ဒါကြောင့် တဏှာကြောင့် ဥပါဒါန်ဖြစ်သောကြောင့် တဏှာက လိုချင်ကာမတ္တ ဥပါဒါန်က ငမ်းငမ်းတက်ဖြစ်နေသော ကြောင့် ငမ်းငမ်းတက်နေပဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဒုက္ခရောက်နေတာပဲ . . . (မှန်ပါ့)။ မဆိုနိုင်ဘူးလား . . . (ဆိုနိုင် ပါတယ်)။

ဒါဖြင့် တဏှာက ဘာသစ္စာ . . . (သမုဒယသစ္စာပါ)။ ဥပါဒါန်က . . . (ဒုက္ခသစ္စာပါ)။ ဒါဖြင့် ဒုက္ခသစ္စာ ဘယ်နှစ်မျိုး ရပြီတုံး . . . (လေးမျိုးရပါပြီ)။

မှတ်ထား မှတ်ထား ဒကာ ဒကာမတို့ ဒုက္ခသစ္စာ လေးမျိုးရပြီ . . . (မှန်ပါ့)။

## တဏှာဘယ်ကလာပါလိမ့်

ကောင်းပြီ၊ ဒီတဏှာသည် ဒကာ ဒကာမတို့ တိုတိုပြောကြပါစို့။ တိုတိုပြောကြစို့ ညနေတိုင်းလည်း ဟောနေလို့ အားလုံးလည်း နားလည်တန်သလောက် နားလည်ပါပြီ။ ဒီတဏှာ ဘယ်ကလာပါလိမ့်မတုံးလို့ မေးခွန်းထုတ်ပါအုံး၊ ဝေဒနာကလာတယ်။ ဝေဒနာပစ္စယာ . . . (တဏှာပါ)။ ဒါဖြင့် ဝေဒနာက အကြောင်းသမုဒယ။ တဏှာက . . . (အကျိုးဒုက္ခပါ)။

ဒါဖြင့် တဏှာကို ဘာသစ္စာဆိုကြမလဲ . . . (သမုဒယသစ္စာပါ)။ မရမ်းကြနဲ့ . . . (ဒုက္ခသစ္စာပါဘုရား)။

သေသေချာချာပြောနေတယ် ဒကာ ဒကာမတို့၊ နှိမှတ်လို့ရှိရင် ခင်ဗျားတို့ မယူတတ်လို့ရှိရင် ပါဠိတော်ကြီး ခင်ဗျားတို့ကြောင့် ချို့ယွင်းနေလိမ့်မယ် . . . (မှန်ပါ)။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ-ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးဟာ ဒုက္ခသစ္စာလို့ ဆိုပါလျက်သားနဲ့ ဒီပြင်ဟာယူနေရင် မတော်ဘူး။ ရှင်းပြီလား (ရှင်းပါပြီ)။

တဏှာကြောင့် ဒုက္ခရောက်တယ်၊ သားက ရန်ကုန်မှာ သမီးက မန္တလေးမှာဆိုလို့ရှိရင်၊ အမေလုပ်တဲ့ပုဂ္ဂိုလ်သည် နှစ်ဖက်ခင်မှု ရှိနေခြင်းကြောင့် ရန်ကုန်မှာလည်း တာရှည်မနေနိုင်ဘူး၊ မန္တလေးမှာကော . . . (တာရှည်မနေနိုင်ပါဘူး)။ လမ်းမှာကော . . . (တာရှည် မနေနိုင်ပါဘူး)။ ဒါဖြင့် တစ်ပြေးတည်း

ပြေးနေတာသည် ဒကာ ဒကာမတို့ တဏှာကြောင့် ဒုက္ခ ဖြစ်နေတာဆိုတာ သေချာပြီလား (သေချာပါပြီ)။ တဏှာမရှိရင် ဒုက္ခမရှိဘူး . . . (မှန်ပါ့)။

ဒါကြောင့် ဒကာ ဒကာမတို့ တဏှာရှိနေတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခရောက်နေတာပဲဆိုတာ သေချာပြီလား . . (သေချာပါပြီ)။ ဒါဖြင့် တဏှာသည် ဒုက္ခသစ္စာ။ ဝေဒနာသည် . . . (သမုဒယ သစ္စာပါ)။

## ဘယ်နေရာမှာဘုရားဖြစ်ပါလိမ့်

ဒါဖြင့် ဒကာ ဒကာမတို့ နေတိုင်းပြောပြီးသကာလ နေရမယ်။ ဘုရားဘယ်နေရာမှာ ဘုရားဖြစ်ပါလိမ့်မတုံး . . . (ဝေဒနာနဲ့ တဏှာကြားမှာပါ)။ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ကိုယ်တော်မြတ်ကြီးသည် ဝေဒနာဖြစ်ပျက်ရှု။ သင်္ခါရဓမ္မ တွေ ဖြစ်ပျက်ရှုပြီးသကာလနေတာနဲ့ ဝေဒနာနောက်က သောတာပတ္တိမဂ် လိုက်တယ်။ ဝေဒနာနောက်ကသကဒါဂါမိမဂ် လိုက်တယ်။ ဝေဒနာ နောက်က အနာဂါမိမဂ်လိုက်တယ် . . . (မှန်ပါ့)။ ဝေဒနာ နောက်က အရဟတ္တမဂ်လိုက်တယ် (မှန်ပါ့) အဲဒီမဂ်လေးဟာန် လိုက်လာသောကြောင့် ဒီကိုယ်တော်မြတ်ကြီး သည် ဒီနေရာမှာ ဘုရားဖြစ်တယ်လို့ ပြလိုက်တယ် . . . (မှန်ပါ့)။ ရှင်းကြပြီလား ဒကာ ဒကာမတို့ (ရှင်းပါပြီ)။

## ဘုရားမဖြစ်ခင်တုန်းက

သုခန္ဓာထဲမှာ ဘုရားမဖြစ်ခင်တုန်းက ဝေဒနာပစ္စယာ တဏှာရှိတယ်. . . (မှန်ပါ)၊ မဂ်လေးတန်ရပြီးလို့ ဘုရားလည်း ဖြစ်ပါရော ဝေဒနာနိရောဓာ တဏှာနိရောဓော သွားဖြစ်တယ် . . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

တဏှာနိရောဓောဖြစ်သွားတော့ ဒီဘက်က တဏှာ နိရောဓာ ဥပါဒါနနိရောဓော ကမ္မဘဝနိရောဓော ဇာတိ. . . (နိရောဓောပါ)၊ ဇရာ မရဏ. . . (နိရောဓောပါ)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ တဏှာဥပါဒါန် ကံတွေချုပ်တယ်. . . (မှန်ပါ)၊ ဝေဒနာနဲ့ တဏှာကြား မဂ်သွင်းလိုက်တာနဲ့ ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ တဏှာဥပါဒါန် ကံတွေ ချုပ်တယ်. . . (မှန်လှပါ)၊ ဝမ်းထဲမှာ ချုပ်တယ်. . . (မှန်ပါ)။ ဝမ်းထဲမှာချုပ်တဲ့အတွက် ဝမ်းထဲချုပ်အောင်လုပ်တာက မဂ်ကချုပ်အောင်လုပ်သည်ဖြစ်လေသောကြောင့် ဦးလှဖူးတို့၊ ဒကာသိုက်တို့ ဒကာကြွယ်တို့ ဝေဒနာနဲ့ တဏှာကြား မဂ်ကြောင့် ဘုရားဖြစ်တာကိုးဆိုတာ ပေါ်လာပြီလား. . . (ပေါ်လာပါပြီ)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဝေဒနာနောက်က မဂ်လိုက်လို့ ဘုရားဖြစ်တာ

ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ဝေဒနာနောက်ကနေပြီး

မင် လိုက်လို့ ဘုရားဖြစ်တာ. . . (မှန်ပါ)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ဒါ သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့။ ဗောဓိပင်နဲ့ ရွှေပလ္လင်က ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ပေါက်လာတာ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီ)၊ မင်က ဖြစ်ပျက်မြင်လို့ မင်ဖြစ်လာတာ. . . (မှန်ပါ)၊ အင်မတန်ခြားတယ် . . . (ခြားနားပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်တော်မြတ်ကြီး မင်လေးတန်ပေါ်လာတာသည် ဒကာ ဒကာမတို့ စဉ်းစားကြည့်ပါတဲ့ ဘုရားဖြစ်ပြီလို့ မဆိုဘူးလား. . . (ဆိုပါတယ်)။

ဒါဖြင့် ရှေ့ပိုင်းက ဘာတွေဖြစ်ပျက်ရှုလို့ မင်လေးတန်ရလို့ မင်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်ကြီးဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မသမုတ်ကြဘူးလား. . . (သမုတ်ပါတယ်ဘုရား)။

## ဖြစ်ပျက်ရှုတဲ့မင်ကြောင့်

အဲဒီတော့ ကိုယ်တော်မြတ်ကြီးသည် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာတော့ဖြင့် ကိုယ်တော်မြတ်ကြီး ရုပ်နာမ်ထိုင်တာတော့ မှန်ပါရဲ့။ ဘုရားဆိုတဲ့အဖြစ်ကတော့ဖြင့် ဖြစ်ပျက်ကို ရှုတဲ့မင်ကြောင့် ဘုရားဖြစ်ရပါတယ်. . . (မှန်ပါ)၊ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်တာ တည်ရာဌာနပြ တယ်။ မဂ်ဖြစ်ရာဌာနကတော့ ဟဒယဝတ္ထုပေါ်မှာလို့ ဆုံးဖြတ် ချက်ချ. . . (မှန်ပါ)၊ ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်နာမ်ထိုင်နေတာ ကတော့ ဗောဓိပင်မှီပြီး ရွှေပလ္လင်ပေါ်မှာ ထိုင်ပါတယ်။ သဏ္ဌာန် တော်ဘုရားကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ထိုင်တာပဲ။ ဉာဏ်တော်ဘုရားကတော့ ဟဒယဝတ္ထုပေါ်မှာ မဂ်ဖြစ် ဖိုလ်ဖြစ် နေသောကြောင့် အဲဒီမှာ ဉာဏ်ဘုရားဖြစ်တယ်. . . (မှန်လှပါ)။

## သဏ္ဌာန်ဘုရားနှင့် ဉာဏ်ဘုရား

သဏ္ဌာန်ဘုရားကတော့ ဗောဓိပင်မှီပြီး ရွှေပလ္လင်ပေါ်မှာ ထိုင်ပါတယ်. . . (မှန်လှပါ)၊ ဉာဏ်ဘုရားကတော့ဖြင့် ဒကာ ဒကာမတို့ ဟဒယဝတ္ထုပေါ်၌ မူလပေါ်နှင့်ပြီး ချုပ်သွားတဲ့ ဝေဒနာစသော သင်္ခါရဓမ္မတွေကို ဟဒယဝတ္ထုပေါ်က မဂ်နဲ့ ရှုလိုက်သောကြောင့် အဲဒီမှာ ကိလေသာတွေ ပြတ်သွားတယ် . . . (မှန်ပါ့) မပြတ်ဘူးလား . . . (ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် သဏ္ဌာန်တော် ဘုရားက ဗောဓိပင်နဲ့ ရွှေပလ္လင် ပေါ်မှာ။ ဉာဏ်ဘုရားက ဟဒယဝတ္ထုပေါ်မှာ . . . (မှန်ပါ) ပေါ်ကြပြီလား . . . (ပေါ်ပါပြီ) သဘောကျရဲ့လား . . . (ကျပါတယ်)။

## မာရ်နတ်က လာလုတယ်

အင်မတန်အရေးကြီးနေပါတယ် ဒကာဒကာမတို့ ဗောဓိပင်နဲ့ ရွှေပလ္လင် အောင်တော်မူတယ်ဆိုတော့ ယုတ္တိယုတ္တာနဲ့တကွ ဒကာဒကာမတွေ ရှင်းပြလိုက်တဲ့အခါကျတော့ ကိုယ်တော်မြတ်ကြီး နှုတ်ကထွက်တာနဲ့ပဲ ရှင်းပြမယ်။ မာရ်နတ်က ဗောဓိပင်နဲ့ ရွှေပလ္လင်လုမယ်လို့ ညနေပိုင်း မလာလား . . . (လာပါတယ်)။

အဲတော့ ငါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ငါ လျှဒါန်းပေးကမ်းပြီးသကာလ ထားတဲ့အကျိုးဆက်ကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်လာတာ။ ငါ့ ပါရမီဆယ်ပါး အပြားသုံးဆယ်ဟူသော အကျင့်အလျှတွေကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်လာတာ မင်းနဲ့ဘာမှမဆိုင်ဘူးလို့ မပြောလား . . (ပြောပါတယ်)။

## ပါရမီတော်ကြောင့် ပလ္လင်ပေါ်တာ

ဒါဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်လာတာ . . . (မှန်လှပါ)။ ဒါကို မဟာပထဝီမြေကြီး အသိလို့ သက်သေမထူဘူးလား . . (ထူပါတယ်) အဲဒီမှာ မဟာပထဝီမြေကြီးက အိုးထိန်းစက်ကဲ့သို့ လှုပ်လာတော့မှ မာရ်နတ်စစ်သည်တွေ မပြေးကြဘူးလား . . . (ပြေးပါတယ်)။

ဒါဖြင့် သူကိုးကားလိုက်တာကိုက ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ငါပိုင်တယ်ပြောလိုက်တယ် . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## မင်္ဂလာကျော်ရတာ ဖြစ်ပျက်မြင်လို့

ဗောဓိပင်နဲ့ ရွှေပလ္လင်ကို သူပိုင်တယ်လို့ ပြောတာနော် . . . (မှန်ပါ) ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် သဘောကျပြီလား . . . (ကျပါပြီ)။ သဗ္ဗညုတဉာဏ်ရတာကတော့ဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာကတော့ဖြင့် ဖြစ်ပျက်ကို မြင်ပြီးသကာလ နောက်ကမဂ်ဖြစ်ပြီးသကာလ မဂ်နောက်က ဖိုလ်လိုက်လာလို့ မှတ်လိုက် . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။ အားလုံး ဒကာဒကာမတွေ ကျေနပ်ကြရဲ့လား . . . (ကျေနပ်ပါတယ်)။

## သောတာပန်ဖြစ်ချင်ရင်

ဒကာ ဒကာမတွေ ခင်ဗျားတို့လဲ သောတာပန်ဖြစ်ချင်ပါတယ်ဆိုတော့ ဝေဒနာဖြစ်ပျက်နောက်က မဂ်သာလိုက် . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဝေဒနာဖြစ်ပျက်နောက်က ဘာလိုက်ရမလဲ . . . (မဂ်လိုက်ရပါမယ်)။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သုံးပါးရှိတယ်လို့ ဘုရားက ဟောတော်မူတယ်၊ ဒကာဒကာမတွေ ခန္ဓာကိုယ်ဟာ ဝေဒနာက္ခန္ဓာကြီးဆိုတာ ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)။

## ဒုက္ခဝေဒနာပျက်သွားတာရှု

အခု လူတွေကလဲ တိုးကျပ်ပြီးသကာလ တစ်ယောက်နဲ့တစ်ယောက် ထိစပ်ပြီးသကာလ နေတော့ ပူမှုအိုက်မှုဆိုတာ ရှိကြရဲ့လား . . . (ရှိပါတယ်) အဲဒါ ဘာဝေဒနာပါလိမ့် . . . (ဒုက္ခဝေဒနာပါ) အဲဒီ ဒုက္ခဝေဒနာကို ဒုက္ခဝေဒနာမရှုနဲ့၊ ဒုက္ခဝေဒနာလေး ပျက်သွားတာကိုရှု . . . (မှန်လှပါ) သဘောကျပြီလား . . . (ကျပါပြီ)။

ဘာရှုရမလဲ . . . (ဒုက္ခဝေဒနာကလေး ပျက်သွားတာကို ရှုရပါမယ်)။

ဒုက္ခဝေဒနာကလေး ပျက်သွားတာရှုတော့ ဒုက္ခဝေဒနာကို ရှုတာမဟုတ်လား . . . (မှန်ပါ) ဒုက္ခဝေဒနာ၏ ပျက်မှုကို ရှုတာ . . . (မှန်ပါ)။

## ဝေဒနာရှုရင် နာမပရိစ္ဆေဒဉာဏ်

သို့သော် ဒကာဒကာမတို့ ဒုက္ခဝေဒနာမရှိဘဲနဲ့လဲ ပျက်မယ် မဟုတ်ဘူး . . . (မှန်ပါ)။ ဒါ့ကြောင့် ဒုက္ခဝေဒနာရှုလို့

ရှိရင်ဖြင့် အနိစ္စလက္ခဏာဉာဏ် ဖြစ်ပါတယ် . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါပြီ)။

## ဝေဒနာကျော်ပြီး အပျက်မြင်အောင်ကြည့်

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာကျော်ပြီး အပျက်မြင်အောင် ကြည့်ပါ . . . (မှန်ပါ့) သုခဝေဒနာကို ရှုဆိုလဲ အပျက်မြင်အောင်ကြည့်၊ ဒုက္ခဝေဒနာကို မြင်အောင်ရှုဆိုတာ ကော . . . (အပျက်မြင်အောင်ကြည့်ရမှာပါ) အပျက်မြင်မှ မဂ်က ဆိုက်တာကိုး ဝေဒနာမြင်ရုံနဲ့တော့ မဆိုက်သေးဘူး။ (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဘာ့ကြောင့် ဒီအသုံးကို ဆရာဘုန်းကြီးသည် လေးလေး နက်နက် တိုက်တွန်းရပါလိမ့်မတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ်၏ ဥဋ္ဌိလောမကို ကြည့်တော့ ဒီက ဖျက်တယ်ဆိုတာ ချုပ်တာ မဟုတ်လား . . . (မှန်ပါ) ဝေဒနာနိရောဓာ . . . (တဏှာနိ ရောဓောပါဘုရား) ဟော တဏှာနိရောဓောဆိုတော့ မဂ်ရတယ် . . . (မှန်ပါ) တဏှာချုပ်အောင်လုပ်တာ မဂ်ပေါ်လို့ ချုပ်တာ . . . (မှန်ပါ) မဂ်မပေါ်ရင် (မချုပ်ပါဘူး)။

ဝေဒနာ နိရောဓာ တဏှာ နိရောဓောဆိုတော့ ဝေဒနာ ချုပ်တာကို မြင်တာသည် မဂ်ပဲတဲ့ သဘောကျပြီလား . . . (ကျပါပြီ)။

## ဝေဒနာချုပ်တာကို မြင်တာကမဂ်

ဝေဒနာချုပ်တာကို မြင်တာဟာ . . .. (မဂ်ပါဘုရား) ဒါဖြင့် ဝေဒနာနိရောဓ . . . (တဏှာနိရောဓော) တဏှာနိရောဓော ဆိုတာ မဂ်ပေါ်တာကို ဆိုတယ် . . . (မှန်ပါ)။

ဝေဒနာကတော့ နိရောဓပဲ . . . (မှန်ပါ) တဏှာနိရောဓောဆိုတာကတော့ဖြင့် မဂ်ပေါ်လို့ တဏှာမလာတာကို ဆိုတယ် . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒီလိုရှင်းလိုက်တဲ့အခါကျတော့ ဩော် အပျက်ကို မြင်အောင်ကြည့်ဖို့ပါကလား။ ဝေဒနာကိုမြင်အောင် ,ကြည့်ဖို့ပါကလား။ ဝေဒနာကိုမြင်အောင်ကြည့်ဖို့ မဟုတ်လား။ အပျက်မြင်အောင် ကြည့်ဖို့ပါကလားဆိုတာ ဒကာကြွယ်တို့ ဒကာသိုက်တို့ ဦးလှဖူးတို့ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ဒါ ဝိပဿနာအလုပ်ကို ဟောနေတယ် ဒကာဒကာမတို့ (မှန်ပါ) ဒါဖြင့် ဘယ်ဝေဒနာပေါ်ပေါ် အပျက်မြင်အောင်ကြည့် . . (မှန်လှပါဘုရား) ရှင်းကြပြီလား. . . (ရှင်းပါပြီ)။

## ဘယ်ဝေဒနာပေါ်ပေါ် အပျက်မြင်အောင်ကြည့်

ဘယ်ဝေဒနာပေါ်ပေါ် . . . (အပျက်မြင်အောင် ကြည့်ရမယ်ဘုရား) အပျက်မြင်အောင် ကြည့်ပါမှ အပျက်ကအပျက်။ မြင်အောင်ကြည့်တာက . . . (မဂ်ပါဘုရား)။

ပါဠိလိုရွတ်လိုက်စမ်းပါဆိုတော့ အပျက်ကိုတော့ ဝေဒနာနိရောဓ (မှန်ပါ) အပျက်ဟာ ဝေဒနာနိရောဓ မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား) အဲ-နောက်က ဘယ့်နှယ်ဆက်မယ် . . . (တဏှာနိရောဓောပါ) တဏှာနိရောဓော ဆိုတော့ ဒီမဂ်ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်) ဒီတဏှာလာခွင့် ရသေးရဲ့လား . . . (မရပါဘူး)။ သဘောကျပြီလား . . . (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ် ဘာမြင်ဖို့အရေးကြီးပါလိမ့် . . . (အပျက်မြင်ဖို့ အရေးကြီးပါတယ်) ရှင်းကြပြီလား . . . (ရှင်းပါပြီ)။

ပါဠိတော်ကလဲ အပျက်မြင်အောင်ကြည့်ဆိုတာ ဘုန်းကြီး များများ မကိုးပါဘူး၊ ကျမ်းတစ်စောင်နဲ့တကွ ဖြစ်စဉ်တွေ အများကြီးရှိပါတယ် . . . (မှန်ပါ) သို့သော် ဒီပါဠိတော်ကို သူ့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ဆိုတာလို ဝေဒနာနိရောဓ . . . (တဏှာနိရောဓော) ဩော်-သူ့နိရောဓကိုမြင်မှ တဏှာနိရောဓော ဆိုတဲ့ မဂ်ပေါ်တယ် . . . (မှန်ပါ)။ သူနိရောဓကို မမြင်ရင် . . . (မဂ်မပေါ်ပါဘူး) တဏှာနိရောဓောဆိုတဲ့မဂ်ဟာ မပေါ်နိုင်ဘူး . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## အလွန်အရေးကြီးလို့ ပြောနေတာ

ဒါ ကြပ်ကြပ်စဉ်းစားပါ၊ ဒါကြပ်ကြပ်စဉ်းစားပါ ဒကာ ဒကာမတို့ အလွန်အရေးကြီးလို့ ပြောနေတယ် . . . (မှန်ပါ့)။

ကဲ-ဒကာကြွယ်တို့အားလုံး ဒကာဒကာမတွေ ကျေနပ်ကဲ့လား . . (ကျေနပ်ပါတယ်) မကျေနပ်လို့ရှိရင် ဘယ်အချိန်မဆို လာမေးနိုင်ပါတယ် . . . (မှန်ပါ) ပါဠိတော်ကလဲ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာကို ရွတ်တာပဲ . . . (မှန်ပါ) ဝေဒနာနိရောဓာ . . . (တဏှာနိရောဓော)။

အဲဒီတော့ ဒကာဒကာမတွေက တဏှာနိရောဓော ဆိုတော့ ဩော်-ဝေဒနာချုပ်တာနဲ့ တဏှာချုပ်သွားတာလို့ ထင်လိမ့်မယ် . . . (မှန်ပါ) မဟုတ်ပါဘူး ဝေဒနာနိရောဓာ တဏှာနိရောဓောဆိုတာက ဒုတိယဟာက မဂ်ပေါ်တာကို ပြောတာ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဘာပြောပါလိမ့် . . . (မဂ်ပေါ်တာကို ပြောပါတယ်)။

ဝေဒနာနိရောဓာက ဝေဒနာတို့၏ ချုပ်တာကိုပြောတာ တဏှာနိရောဓောဆိုတာက . . . (မဂ်ပေါ်တာကို ပြောတာပါ) ဒါကို ကြပ်ကြပ်စဉ်းစားပါ . . . (မှန်ပါ)။

## ဝေဒနာနိရောဓာဆိုတာ

ဝေဒနာနိရောဓာဆိုတာက ဘာပြတာတုံး . . . (ချုပ်တာကို ပြပါတယ်) ဝေဒနာချုပ်တာကိုပြတယ်။ နိရောဓ ဆိုတာ ချုပ်တာပဲမဟုတ်လား . . (မှန်ပါ)။ ဝေဒနာ၏ အချုပ်ကို မြင်အောင်ကြည့် ပြောတာ . . . (မှန်ပါ)။ တဏှာနိရောဓော ဆိုတော့ ဘာပေါ်တာကို ပြသတုံး . . . (မဂ်ပေါ်တာကို ပြပါတယ်) ဒီမှာ နိရောဓော ဆိုတာကိုးဗျ။ မဂ်ပေါ်တာကို ပြတယ် . . . (မှန်ပါ)။ မဂ်ပေါ်လို့ ချုပ်ရတယ် . . . (မှန်ပါ) မဂ် မပေါ်ရင် . . . (မချုပ်ပါဘူး) တဏှာချုပ်သွားတာလား-မဂ်ပေါ် ဘာလား . . . (မဂ်ပေါ်တာပါ)။

## တဏှာနိရောဓောဆိုတာ

အဲဒီတော့ မဂ်ပေါ်တာကို ဒကာကြွယ်ရ တဏှာ နိရောဓောဆိုတာ . . . (မှန်ပါ)။

အဲဒါ မယူတတ်တဲ့အတွက် တဏှာချုပ်သွားတာ ဝေဒနာ ချုပ်သွားတဲ့အတွက် တဏှာချုပ်သွားတာလို့ ယူလိုက်တယ်။ စင်စစ်မဟုတ်ပါဘူး။ ဝေဒနာချုပ်တာကို မဂ်ကမြင်လိုက်တာနဲ့ မြင်တဲ့မဂ်ပေါ်တာ . . . (မှန်ပါဘုရား) ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

ဘာပေါ်တာပါလိမ့် . . . (မင်္ဂပေါ်တာပါဘုရား) မြင်တဲ့ မင်္ဂပေါ်တာဆိုတာ သေချာပြီလား . . . (သေချာပါပြီ).

အဲဒီတော့ ဒကာဒကာမတွေက ပြောသံကြား မှတ်ပြီး တော့ အို-ဝေဒနာချုပ်ရင် တဏှာချုပ်တာပဲဆိုတော့ တဏှာချုပ် တာတော့ သူပြောတော့ ပြောရဲ့ ကိုယ့်သန္တာန်မှာ ဘာအကျိုး ရှိလိုက်တယ်ဆိုတာ သိသေးရဲ့လား . . . (မသိပါဘူး) ကိုယ့် သန္တာန်မှာ မင်္ဂပေါ်တာမှ မသိလိုက်တော့ဘူး . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာနိရောဓဆိုတာ ဘာပြတာပါလိမ့် . . . (ဝေဒနာချုပ်တာကို ပြတာပါ) ဝေဒနာ ချုပ်တာကို ပြနေတာ။ လေသံမပျော့နဲ့ ပျော့ရင် မပိုင်လို့ဆိုတာ သိပြီ ဆရာဘုန်းကြီးက . . . (မှန်ပါ) ရိပ်မိပြီလား . . . (ရိပ်မိပါပြီ)။

## လေသံပျော့ရင် မပိုင်သေးလို့

လေသံပျော့လို့ရှိရင် ဘယ့်နှယ်ဆုံးဖြတ်ချက်ချမလဲ (မပိုင်သေးလို့ပါ) သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို ပါဠိစကားကို ပြောနေလို့ရှိရင် ဖြင့် ဒကာဒကာမတို့ နားမလည်မှာစိုးတဲ့အတွက် ဝေဒနာချုပ်

တာကို မြင်အောင်ကြည့်။ ဝေဒနာချုပ်တာက ဝေဒနာနိရောဓ။ မြင်အောင်ကြည့်က မဂ် . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဝေဒနာနိရောဓက ဝေဒနာချုပ်တာ။ တဏှာနိရောဓောက မဂ်ပေါ်တာ . . . (မှန်ပါ)။ ဒါ သေသေချာချာ မှတ်ပါ။ ရှုတဲ့ပုဂ္ဂိုလ်မှာ မဂ်ပေါ်တာကိုပြတာ . . . (မှန်ပါ) ဒကာကြွယ်တို့ ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီ)။

အားလုံး နောက်က ဒကာဒကာမတွေ သူများ ကျေနပ်တာနဲ့ရောပြီး မကျေနပ်လိုက်ပါနဲ့။ သူများကျေနပ်လို့ ယောဂီများတွေက ရှေ့ပိုင်းက ကျေနပ်တာနဲ့နောက်က ဒကာဒကာမတွေက ရောပြီး မကျေနပ်လိုက်ပါနဲ့။ ဒါအလုပ်တရားကို ပြနေတာ . . . (မှန်ပါ) ကိုယ်လုပ်မှ ကိုယ်ရမှာ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ကိုယ်လုပ်မှ ကိုယ်ရမှာ

ကိုယ်လုပ်မှ ကိုယ်ရမှာဖြစ်နေတော့ ဝေဒနာနိရောဓမှ မမြင်သေးဘူးဆိုရင်ဖြင့် ကျုပ်တဏှာသေပေါ့ဆိုတာ ဘယ်တော့မှ မသုံးနဲ့-မဂ်ကိုမပေါ်ဘူး . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ) မဂ်ကိုပေါ်သေးရဲ့လား . . . (မပေါ်ပါဘူး)။

ဒါဖြင့် ဒကာဒကာမတို့ သုခဝေဒနာကို ရှုရမှာလား . . . သုခဝေဒနာချုပ်တာကို ရှုရမှာလား . . . (သုခဝေဒနာချုပ်တာကို ရှုရမှာပါ)။

ဒါဖြင့် ဝေဒနာနိရောဓာ . . . (တဏှာနိရောဓော)၊ တဏှာနိရောဓောဆိုတာ ဘာပေါ်တာပါလိမ့် . . . (မဂ်ပေါ်တာပါ) ဝေဒနာနိရောဓောဆိုတာက ဘာဖြစ်တာတုံး . . . (ဝေဒနာချုပ်တာပါ)။

ဒါဖြင့် ချုပ်ပျောက်သွားတာက အနိစ္စ။ ချုပ်ပျောက်သွားတာကို မြင်တာက . . . (မဂ္ဂပါ) မဂ္ဂဆိုတော့ ဒီမဂ်ပေါ်တာကို တဏှာချုပ်တယ်လို့ ဆိုတာပါ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

မဂ်ပေါ်တာကို . . (တဏှာချုပ်တယ်လို့ ဆိုပါတယ်) အဲဒါကို ဒကာဒကာမတွေက မသိတော့ ပါဠိသာ လျှောက်ရွတ်နေတာပဲ။ ဝေဒနာနိရောဓာ- တဏှာနိရောဓော။ တဏှာနိရောဓာ ဥပါဒါနနိရောဓော။ ဘာဖြစ်တုံးမေးတော့ ဒကာကြွယ် ဘယ့်နှယ်ဖြေပါ့မတုံး . . . (ရွတ်တာပါ) လျှောက်ရွတ်တာလောက်ပဲ ရှိတယ် . . . (မှန်ပါ) ခင်ဗျားတို့လျှောက် မရွတ်ပါနဲ့ ဝေဒနာနိရောဓာကို တဏှာ နိရောဓောဖြစ်အောင် လုပ်လို့ရှိရင် ပြီးတာပဲ . . . (မှန်ပါ့) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ဒီတစ်ခါလွဲရင် ဘုရားနဲ့တွေ့ဖို့မလွယ်တော့ဘူး

ဘယ်လိုလုပ်ရမှာပါလိမ့် . . . (ဝေဒနာနိရောဓကို တဏှာနိရောဓဖြစ်အောင် လုပ်ရပါမယ်) အားလုံး ဒကာ ဒကာမတွေ ဒါခင်ဗျားတို့ သန္တာန်ဘုရားပွင့်နေတာ . . . (မှန်ပါ) ခင်ဗျားတို့ သန္တာန်ဘုရားပွင့်နေတာ။ ဒီတစ်ခါလွဲလို့ ရှိရင် ခင်ဗျား တို့ နောက်ကို ဘုရားနဲ့တွေ့ဖို့ မလွယ်တော့ဘူး (မှန်ပါ)။

ဘာဖြစ်လို့ မလွယ်တော့ဘူးလို့ ပြောရသတုံးဆိုတော့ ဂေါတမမြတ်စွာဘုရားနဲ့ ခင်ဗျားတို့နဲ့ မတွေ့လိုက်ရပါဘူး။

## ဘုရားချွတ်မှ ကျွတ်မည့်သူ

ဒကာဒကာမတွေက ဂေါတမမြတ်စွာဘုရားကိုတော့ အင်မတန် ကြည်ညိုပါတယ်။ သို့သော် ခင်ဗျားတို့ဘုရားနဲ့က တိုက်ရိုက်မဆိုင်ကြပါဘူး။ ဂေါတမမြတ်စွာဘုရား ချွတ်ထိုက်တဲ့ ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်က ပဥ္စဝဂ္ဂီအစ သုဘဒ္ဒရဟန်းဆိုတာမှာ ဆုံးပါ တယ်။ အဲဒါဟာ ဘုရားကိုယ်တိုင်ချွတ်သည့် ဗုဒ္ဓဝေနေယျပုဂ္ဂိုလ် တွေပါ။ ကျန်တဲ့ပုဂ္ဂိုလ်တွေက ဗုဒ္ဓဝေနေယျမဖြစ်လိုက်ရတော့ပါ ဘူး . . . (မှန်ပါ)။

ပဥ္စဝဂ္ဂီအစ သုဘဒ္ဒအဆုံး အဲဒီပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓ ဝေနေယျပုဂ္ဂိုလ်တွေပါ။ ခင်ဗျားတို့ကတော့ ဗုဒ္ဓဝေနေယျ မဟုတ်တော့ပါဘူး။ ဗုဒ္ဓဝေနေယျမကုန်သေးရင် ဘုရားက

ပရိနိဗ္ဗာန်မစံသေးဘဲ စောင့်နေတယ် . . . (မှန်ပါ)။ မစောင့်ပေဘူးလား . . . (စောင့်ပါတယ်)။ စောင့်နိုင်တယ်လို့ မှတ်ရမယ် . . . (မှန်ပါ)။

ဘုရားက ငါဖလသမာပတ်ဝင်စားနေလိုက်လို့ရှိရင်၊ ကွဒ္ဒိပါဒ် ပွားများနေလိုက်လို့ရှိရင် အာယုကပ်ပတ်လုံး နေနိုင်ပါတယ်လို့ဟောတယ် . . . (မှန်ပါ)။ သို့သော် ဘုရားချွတ်မှ ကျွတ်မည့် ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်က သုဘဒ္ဒမှာ ဆုံးသွားပါတယ်။ ဒါကြောင့် ဗုဒ္ဓကိစ္စကုန်သွားတယ်။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ဘုန်းကြီးတို့ချွတ်မှ ကျွတ်နိုင်တဲ့ပုဂ္ဂိုလ်တွေ

အဲဒီတော့ ဒကာ ဒကာမတွေ ဂေါတမမြတ်စွာဘုရားကိုလဲ ခင်ဗျားတို့ မမှီလိုက်ကြပါဘူး . . . (မှန်ပါ)။ ဂေါတမမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်တဲ့ ပုဂ္ဂိုလ်တွေက သူ့သာဝကနဲ့သူ ချွတ်ရမယ့်ပုဂ္ဂိုလ်တွေဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ) ခင်ဗျားတို့လဲ ဆရာဘုန်းကြီးတို့လို ဘုရား၏ သာဝကပုဂ္ဂိုလ်တွေက ချွတ်မှ ကျွတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်)။

ဂေါတမမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ ဗုဒ္ဓဝေနေယျကုန်လို့ ပရိနိဗ္ဗာန်စံတော်မူသွားပြီ (မှန်ပါ)

ဒကာဒကာမတွေကတော့ သာဝကဝေနေယျ သာဝကတွေ ချွတ်လို့ ကျွတ်နိုင်တဲ့ပုဂ္ဂိုလ်လို့ မှတ်ကြပါ (မှန်ပါ)။

## မေတ္တေယျမြတ်စွာဘုရားကိုစောင့်မှာလား

မေတ္တေယျမြတ်စွာဘုရားကို စောင့်အုံးမယ်ဆိုလို့ရှိရင်လဲ ဘုရားတစ်ဆူနဲ့ တွေ့ကြုံဖို့ရာ အင်မတန် ခဲယဉ်းလှတဲ့ ဒုလ္လဘကြီးပဲ . . . (မှန်ပါ)။

ဒါကြောင့် ယခုလိုဘဝမျိုး ကြုံဆုံခိုက်မှာ ဘုရား၏ တပည့် သာဝကများထံမှာပဲ . . . ။

## ဒီငါးပါးနဲ့ ပြည့်စုံအောင်လုပ်ပါ

ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့်ကာဖြင့်၊ လွန်စွာ အားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း . . . ။

ဆိုတဲ့ ပဓာနိယင်္ဂမတရားငါးပါး မရှိဘူးလား . . . (ရှိပါတယ်) အဲဒီငါးပါးနဲ့ ပြည့်စုံပြီ၊ ဆရာကောင်းသာတွေ့မယ် ဆိုရင် ၇ နှစ်၊ ၇-လ၊ ၇-ရက်တွင် တစ်မျိုးမျိုးနဲ့ ရနိုင်မယ်တဲ့ . . (မှန်ပါ့) ဘုရားပရိနိဗ္ဗာန်စံခြားသော်လဲ ကိုယ့်ဆိုင်ရာ ဆရာသမားနဲ့ ဒီငါးပါးပြည့်စုံအောင် လုပ်ကြလို့ရှိရင် ၇-နှစ်၊ ၇-လ၊ ၇-ရက်အတွင်း မှာပင် ကိစ္စပြီးစီးနိုင်တယ် . . . (မှန်ပါ) ဘုရားက မဟောဘူးလား . . . (ဟောပါတယ်)။

ဒါ့ကြောင့် ခင်ဗျားတို့ ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်တွေ မဟုတ်တော့ဘူးဆိုတာ သေချာပြီ . . . (မှန်ပါ) ကောင်းပြီဒါဖြင့် ဒီ ဒကာ ဒကာမတွေ ဘယ်သူ့သာဝကတွေဆိုတာ ပေါ်လာပြီ။ သာဝက ဝေနေယျတွေပဲ . . . (မှန်ပါ)။

## ဒီတစ်ချက်လွဲရင် မရတော့ဘူး

သာဝကဝေနေယျဆိုတာ ထင်ရှားပြီးသကာလနေတော့ ဩော်-တို့ဖြင့် ဒီတစ်ချက်လွဲရင်ဖြင့် ရဖို့ ခဲယဉ်းသွားပြီ . . . (မှန်ပါ) ပေါ်ကြပြီလား . . . (ပေါ်ပါပြီ)။

ဒီတစ်ချက်လွဲရင် . . . (မရပါဘူး) မရတော့ဘူး မရတော့ဘူး။ ဒီတစ်ချက်လွဲရင် ဒကာကြွယ် ရပါအုံးမလား . . . (မရပါဘူး)။

## ကျမ်းအစောင်စောင်နဲ့ ညှိပြောတာ

အားလုံး ဒကာဒကာမတွေ စဉ်းစားပါ။ ဒါဟာ ကျမ်းအစောင်စောင်နဲ့ ညှိပြောတာ။ ဒါ့ကြောင့် ယုံကြည်ကြပါတော့ . . . (မှန်ပါ)။

ဗုဒ္ဓဝေနေယျက ပဉ္စဝဂ္ဂီအစ . . . (သုဘဒ္ဒရဟန်းအဆုံးပါဘုရား)။ ကျန်တဲ့ပုဂ္ဂိုလ်တွေက သာဝက ဝေနေယျဖြစ်ရစ်လိမ့်မယ်ဆိုပြီး ပရိနိဗ္ဗာန်စံသွားတာ . . . (မှန်ပါ) ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ကိုင်း - ဒီ ဒကာဒကာမတွေ သာဝကဝေနေယျပဲ ဆိုတာ ထင်ရှားနေပြီ . . . (မှန်ပါ) ဒီတစ်ခါလွဲရင်တော့ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုးနည်းမှာ အစစ်ပါပဲ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## သူ့ဆရာနဲ့သူ ရှင်းရစ်လိမ့်မယ်

အဲဒါ ခင်ဗျားတို့ သေသေချာချာ မှတ်ပါ။ ဗုဒ္ဓဝေနေယျတွေ ကုန်ခဲ့ကြောင်းကိုလဲ အခု ရှင်းပြခဲ့ပြီ။ သူ့ဆရာနဲ့သူ ရှင်းရစ်လိမ့်မယ်ဆိုတာလဲ ရှင်နာဂသိန်တို့ ချွတ်လို့ အများကြီးကျွတ်ပြီ . . . (မှန်ပါ)။ ပါဠိလိပြည်မှာ-ရှင်မောဂ္ဂလိပုတ္တတိဿတို့၊ ရှင်မဟိန္ဒ တို့ ချွတ်လို့ကော . . . (ကျွတ်ပါတယ်ဘုရား) အဲဒါ သာဝက ဝေနေယျတွေ ကျန်နေရစ်တာ။ ဗုဒ္ဓဝေနေယျတစ်ဦးမှ မပါဘူး။ ပါသေးရဲ့လား . . . (မပါပါဘူး)။

## လသာတုန်း ဗိုင်းငင်

အေး-ဒါတွေ ထောက်တော့မှ ဩော်-ဒီတစ်ချိန်ကလေးဟာ လသာတုန်းဗိုင်းငင်ဆိုတဲ့စကားပုံလို ဒီအချိန်မှာ ဝေဒနာနိရောဓာ တဏှာနိရောဓောဖြစ်အောင် လုပ်လို့ရှိရင်ဖြင့် "ဥပါဒါနနိရောဓော ကမ္မဘဝနိရောဓော ဇာတိနိရောဓော ဇရာမရဏနိရောဓော" ဆိုပြီး နိဗ္ဗာန်ရောက်တာပဲ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့်ဆရာများထံမှာပဲ ကိုယ်ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ပဲလို့ မှတ်လိုက်ပေတော့ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ဝေဒနာပျက်တာကို တွေ့ပါစေ

ဒါဖြင့် ဝေဒနာကို ရှုဆိုတာသည် ဝေဒနာတော့ဖြင့် ရှုရမှာပဲတဲ့။ သို့သော် ဝေဒနာကို မတွေ့စေနဲ့ ဝေဒနာပျက်တာကို တွေ့ပါစေ . . . (မှန်ပါ)။

ဝေဒနာရှုဆိုတာ ဘာတွေ့ရမှာပါလိမ့် . . . (ဝေဒနာပျက်တာ တွေ့ရမှာပါဘုရား)။

ဒါကြောင့် ဘုရားက ဝယဓမ္မာနုပဿီဝါ-ဝေဒနာ၏ အပျက်ကို မြင်အောင်လုပ်စမ်းပါတဲ့ . . . (မှန်ပါ)။ သမုဒယဓမ္မာနုပဿီဝါ အဖြစ်ကို မြင်အောင်ကြည့်။ ဝယဓမ္မာနုပဿီဝါ-အပျက် ကလေးမြင်အောင် ကြည့်လို့ မပေါ်လာဘူးလား . . . (လာပါတယ်) အဲဒါကျမှ ဩော်-ငါ-ငါ-ငါ့ဥစ္စာမဟုတ်ပါလား ဆိုတာ ပေါ်လာတယ် . . . (မှန်ပါ) ရိပ်မိပြီလား . . . (ရိပ်မိပါပြီ)။ ပါဠိတော်ကို ရှင်းပေးတာပါပဲ . . . (မှန်ပါ)။

## အချုပ်မြင်မှ မဂ်ပေါ်တာ

ဒါဖြင့် ဝေဒနာနိရောဓ . . . (တဏှာနိရောဓော)

ဝေဒနာနိရောဓက ဘာပါလိမ့် . . . (ဝေဒနာချုပ်တာပါ)။ တဏှာ နိရောဓောက (မင်္ဂပေါ်တာပါ) မဂ်ပေါ်တယ်ဆိုတာ အလိုလိုပေါ်တာလား-အချုပ်မြင်မှ ပေါ်တာလား . . . (အချုပ် မြင်မှ ပေါ်တာပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒီလိုမမြင်ခဲ့လို့ရှိရင် ဝေဒနာပစ္စယာ တဏှာ . . . (မှန်ပါ)။ ဒါအချုပ်ကို မမြင်တဲ့ပုဂ္ဂိုလ် ပဋိစ္စသမုပ္ပါဒ်ဆက်တယ် . . . (မှန်ပါ)။

ဝေဒနာအချုပ်ကို မြင်တဲ့ပုဂ္ဂိုလ်ကျတော့ ဒကာ ဒကာမတို့ ဝေဒနာနိရောဓာ . . . (တဏှာနိရောဓော) တဏှာ နိရောဓော ဆိုတဲ့ မဂ်ဟာ ဝင်လာတယ် . . . (မှန်ပါ) ရိပ်မိပြီ . . . (ရိပ်မိပါပြီ)။

## မဂ်သည် ကိလေသာကို ဖြတ်တယ်

ဒါဖြင့် မဂ်သည် ဟောဒီကိလေသာကိုလဲ ဖြတ်ပါတယ်။ တဏှာဉပါဒါန် ကိလေသာကို . . . (ဖြတ်ပါတယ်) တဏှာ ဉပါဒါန် ဆိုကတည်းက တဏှာသည် အဝိဇ္ဇာနဲ့ မကင်းသော ကြောင့် အဝိဇ္ဇာနဲ့တဏှာချည်း မှတ်ပါ . . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီ) ဒါက ကိလေသာဝဋ်မပြတ်ဘူးလား . . . (ပြတ် ပါတယ်) ရှင်းပြီနော် . . . (ရှင်းပါပြီ)။

ကိလေသာဝဋ်ပြတ်တော့ ဒီဘက်က သုံးခုက ကမ္မဝဋ်

ကော . . . (ပြတ်ပါတယ်) ဒီဘက်က ဝိပါကဝဋ် နှစ်ခုကော . . . (ပြတ်ပါတယ်) ရှင်းပြီလား . . . (ရှင်းပါပြီ)။

## သမုဒယသစ္စာချုပ်တာ

ဒါဖြင့် ဒကာဒကာမတို့ ဒီက သမုဒယသစ္စာ ချုပ်တာ . . . (မှန်ပါ)။ ဒီကံနဲ့တကွ သမုဒယတွေ မချုပ်လား . . . (ချုပ်ပါတယ်) ဒီဘက်က အနာဂတ်ဖြစ်တဲ့ အနာဂတ်ဘဝတွေကော . . . (ပြတ်ပါတယ်)။

ဒါဖြင့် ဒကာဒကာမတို့ ဒီက သမုဒယသစ္စာ သေတာ။ ဒါချုပ်တဲ့အတွက် ဒါ နိရောဓသစ္စာပေါ်တာ . . . (မှန်ပါ)။ ဒီဟာ ဇာတိတို့၏ ချုပ်ရာ နိဗ္ဗာန် (မှန်ပါ)။ ဇရာမရဏတို့၏ ချုပ်ရာကော . . . (နိဗ္ဗာန်ပါ ဘုရား)။

ဒါဖြင့် ဒီဘက်က နိဗ္ဗာန် ဒီဘက်က သမုဒယချုပ်တာ (မှန်ပါ) ဒီဘက်က နိဗ္ဗာန်ပေါ်တာ . . . (မှန်ပါ) ဒီက မဂ်ပေါ်တာ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ) ဒီကဒုက္ခသစ္စာမြင်တာ၊ ပေါ်ပြီလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် ဒီဘက်က အချုပ်က ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ) အမြင်က . . . (မဂ္ဂသစ္စာပါ) အသေက (သမုဒယသေတာပါ) အရက . . . (နိရောဓသစ္စာပါ) ဒီလိုသွားပါ ရှင်းကြပြီ လား . . . (ရှင်းပါပြီ)။

အလွန်အရေးကြီးတယ် ဒကာဒကာမတို့ သစ္စာလေးပါး မသိဘူးဆိုတာ မရှုတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မသိဘူး . . . (မှန်ပါ) ဦးလှဖူး ရှင်းရဲ့လား . . . (ရှင်းပါတယ်)

## အချိန်ကတည်းတည်းရှိတော့တယ်

ရှင်းကြပါ၊ ရှင်းကြပါ ခင်ဗျားတို့ ခင်ဗျားတို့ အချိန် ကလေးကလဲ တည်းတည်းရှိတော့တယ်။ တည်းတည်းကျန်ပါ တော့တယ်၊ ဒကာဒကာမတို့ . . . (မှန်ပါ) ခန္ဓာကိုယ်က တည်းတည်း ကျန်ပါတော့တယ်ဆိုတော့ ဒကာဒကာမတို့ ကြိုက်ချင်မှ ကြိုက်မယ်နော် . . . (မှန်ပါ)။ အခု မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာများ ဒကာဒကာမတို့ အရင် ပျိုပျိုရွှယ်ရွှယ် တုန်းကလို သန်သန်ထွားထွား ရှိပါသေးရဲ့လား . . . (မရှိပါဘူး)။ အဲဒါ ကံကုန်လုပြီလို့ ပြောတာ . . . (မှန်ပါ)။

## ကံကုန်လုပြီလို့ပြောတာ

ဘာပြောတာတုံး . . . (ကံကုန်လုပြီလို့ ပြောတာပါ) ကံကုန်လုတော့ ကံမွဲဉာဏ်မွဲသာ ကျန်ရစ်တော့တယ်ဟေ့ . . . (မှန်ပါ)။

ဘာကျန်ရစ်တော့သလဲ . . . (ကံမွဲဉာဏ်မွဲသာ ကျန်ရစ်ပါတော့တယ်) ကံမွဲဉာဏ်မွဲသာ ကျန်ရစ်တဲ့အချိန်မှ

တကယ့် အရေးကြီးဆုံး ကံကောင်းဉာဏ်ကောင်းနဲ့ သုံးရမယ့် မင်္ဂဉာဏ်ကို အရရှာရမယ်ဆိုတော့ ခင်ဗျားတို့ မြန်မြန်လုပ်ရင်လုပ် မလုပ်ရင် ဒီကံမွဲ ဉာဏ်မွဲက ဒကာဒကာမတို့ ခင်ဗျားတို့ကို အသေတွန်းတော့မယ်ဆိုတာ မှတ်ပါ . . . (မှန်ပါ) ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဘုန်းကြီးတို့ ဒကာဒကာမတွေကလဲ ဖျင်းလိုက်တာ ကံကောင်းဉာဏ်ကောင်းတွေကို တဏှာခိုင်းတဲ့ဘက် အသုံးချ ပစ်တယ် . . . (မှန်ပါ) နစ်နာလိုက်တာ . . . (မှန်ပါ)။

ကံကောင်းဉာဏ်ကောင်းတွေ ဘယ်မှာ သုံးခဲ့ကြသလဲ . . . (တဏှာခိုင်းတဲ့ဘက် သုံးခဲ့ကြပါတယ်)။

ကံကလေးကောင်းတုန်းက နားကြားတာဟာ ကံကောင်း လို့ ကြားတာ . . . (မှန်ပါ) နှာခေါင်းက အနံ့ကလေးကို ရှင်းရှင်း လင်းလင်းရှူနိုင်တာလဲ ကံကောင်းလို့ . . . (မှန်ပါ) ကမ္မဇရုပ်တွေ ကိုးဗျ . . . (မှန်ပါ)။

## ဉာဏ်ကောင်းတွေ တဏှာခိုင်းလို့ကုန်ခဲ့ပြီ

ကံကောင်း ဉာဏ်ကောင်းတွေတုန်းကတော့ သားရေး သမီးရေး စီးပွားရေး ခင်ရေး မင်ရေးဆိုတဲ့ တဏှာခိုင်းတဲ့ဆီ သုံးပစ် ခဲ့ကြတယ် . . . (မှန်လှပါ)။

ကံကောင်း ဉာဏ်ကောင်းတွေ ဘယ်သူခိုင်းတာနဲ့ ကုန်ခဲ့ပြီတုံး . . . (တဏှာခိုင်းတာနဲ့ ကုန်ခဲ့ပါပြီ)။

အခု ဘုန်းကြီးဆီရောက်လာတော့ ဘယ်လို ပုဂ္ဂိုလ်တွေများ ရောက်လာပါလိမ့် (ကံမွဲ ဉာဏ်မွဲ ပုဂ္ဂိုလ်တွေ ရောက်ပါတယ်) ဒီဘုန်းကြီးမို့ ပေပြီးဟောနေတာ ကံမွဲဉာဏ်မွဲချည်းပဲ။ ရိပ်မိပြီလား . . . (ရိပ်မိပါပြီ) ကံကောင်းဉာဏ်ကောင်းက ကုန်ခဲ့ပြီဗျ . . . (မှန်ပါ) ရှင်းပြီးလား (ရှင်းပါပြီ)။

## ဝီရိယအချိန်မှန်ရင်ရနိုင်သေးတယ်

ကိုင်း-ဒါဖြင့် ခင်ဗျားတို့ ကံမွဲ ဉာဏ်မွဲကလေးရှိပင် ရှိငြားသော်လဲ ဆရာကနည်းပေးကောင်း . . . (မှန်ပါ)။ ဒကာ ဒကာမတွေကလဲ ကံကောင်းတုန်းကလိုပဲ ဝီရိယ အချိန်မှန်မှန်နဲ့ လုပ်မယ်ဆိုရင်လဲ ရနိုင်ပါသေးတယ် . . . (မှန်လှပါ) သဘောကျပြီလား . . . (ကျပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ တို့သည်ကားလို့ဆိုရင်ဖြင့် အသုံးတွေကတော့ များလာခဲ့ပြီ ဆိုတာတော့ ယနေ့ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ) မချနိုင်ဘူးလား (ချနိုင်ပါတယ်)။

ကံကောင်း ဉာဏ်ကောင်းတွေ ဘယ်မှာသုံးခဲ့သတုံး (တဏှာစေခိုင်းရာမှာ သုံးခဲ့ပါတယ် ဘုရား) ရဲရဲတင်းတင်း ပြောပါ မှန်လဲ မှန်ပါတယ် ဥပုသ်နေ့ကြီး မုသားလဲ မဖြစ်ပါဘူး

ခင်ဗျားတို့ ဖြစ်သေးသလား . . . (မဖြစ်ပါဘူး)။

မဖြစ်ပါဘူး ဒကာဒကာမတို့ ကံကောင်းဉာဏ်ကောင်း တွေ ဘယ်သူခိုင်းတာနဲ့ ကုန်ခဲ့ပြီလဲ . . . (တဏှာစေခိုင်းတာနဲ့ ကုန်ခဲ့ပါပြီ)။

ဒကာဒကာမတွေ တယ်လဲကျက်သရေမရှိတဲ့ စကား သုံးတာကိုး တဏှာခိုင်းတာနဲ့ ကုန်ခဲ့ပြီ . . . (မှန်ပါ) ဟုတ်လဲ ဟုတ်တာပဲ . . . (မှန်ပါ့)။

အားအင်ဗလတွေ ကဲအခု ဒီနေ့တရားပွဲ လာရတယ် ဆိုတာတောင်မှ လွယ်တာမဟုတ်ဘူး . . . (မလွယ်ပါဘူး)။

## ပိုမိုကြိုးစားမှ ကိစ္စပြီးမယ်

အဲဒီတော့ ဒကာ ဒကာမတို့ ကံမွဲ ဉာဏ်မွဲတွေနဲ့ အခု လာပြီး အသုံးချရတော့ကို ပိုမိုကြိုးစားမှ ကိစ္စပြီးမယ်. . . (မှန်လှ ပါ)၊ အဘယ်ကြောင့်ဆိုသော် ကံမွဲ ဉာဏ်မွဲတွေကို တဏှာ ခိုင်းတဲ့အထဲမှာ အလွဲသုံးစားလုပ်ခဲ့လို့. . . (မှန်လှပါ)။

ကံကောင်း ဉာဏ်ကောင်းတွေ ဘာလုပ်ခဲ့ကြပါလိမ့် . . . (အလွဲသုံးစားလုပ်ခဲ့ကြပါတယ်ဘုရား)။

ဦးလှဖူး ကြောက်စရာကောင်းတယ်. . . (မှန်ပါ) ကြောက်စရာသိပ်ကောင်း၊ ကံကောင်း ဉာဏ်ကောင်းတွေ

ခင်ဗျားတို့ ဘာလုပ်ခဲ့သတုံး. . . (အလွဲသုံးစားလုပ်ခဲ့ပါတယ် ဘုရား)၊ ကံမွဲ ဉာဏ်မွဲနဲ့ကျမှ တကယ့်ကြီးပွားရေးရှာတယ်. . . (မှန်ပါ)၊ ဝွကျလိုက်တဲ့ဖြစ်ခြင်း. . . (မှန်ပါ)၊ ပြောင်းပြန်ဖြစ်နေတာ. . . (မှန်ပါ)။

ဒါ ဖော်ပြလို့သိတာ. . . (မှန်ပါ)၊ ခင်ဗျားတို့ထင်ခဲ့ကြတာက ငယ်တုန်းမှာ ပညာ၊ အရွယ်အလတ်စားကျတော့ဥစ္စာ၊ ကြီးတော့မှ ပညာကိုး. . .။ ကံမွဲ ဉာဏ်မွဲကျမှ ပညာရှာတာ . . . (မှန်ပါ)၊ လောကုတ္တရာထွက်ရပ်လမ်း ပညာရှာတာ ဆိုတော့ ကောင်းသေးရဲ့လား. . . (မကောင်းပါဘူး)။

အခု ရောက်လာတာ ဒကာ ဒကာမတွေ ရှင်းကြပြီလား . . . ကံကောင်း ဉာဏ်ကောင်းတွေ ဖြုန်းပြီးသား သုံးပြီးသား အလွဲသုံးစားသမားချည်း ဒီရောက်လာတာပဲ. . . (မှန်ပါ)။ ဒါ ထိပ်တိုက်ပြောနေတယ်လို့ ဒကာသိုက်က အောက်မေ့မနေနဲ့ဦး . . . (မှန်လှပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

အဲဒီတော့ကို ဒကာ ဒကာမတို့ ဒီဘက်က ဝဋ်တွေကို ရှင်းအောင်ပဲပြောပါရစေဦး. . . (မှန်ပါ)။

## တဏှာနိရောဓဂေက မဂ်ပေါ်တာ

ဒါဖြင့် ဝေဒနာအချုပ်ကိုမြင်လို့ရှိရင်ဖြင့် ဝေဒနာအချုပ်

က နိရောဓ၊ မြင်တာက. . . (မဂ္ဂပါ)၊ ဒါဖြင့် ပါဠိရွတ် ဝေဒနာ နိရောဓ တဏှာနိရောဓော၊ ဝေဒနာနိရောဓဆိုတာက ဝေဒနာ ချုပ်တာကိုဆိုတယ်။ တဏှာနိရောဓောက . . . (မဂ်ပါ)၊ မဂ်ပေါ်တာကိုဆိုတယ်. . . (မှန်ပါ)။

တဏှာနိရောဓောဆိုရင် ဘယ့်နှယ်ဆိုမလဲ. . . (မဂ်ပေါ်တာပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာကြောင့် ဒကာ ဒကာမတို့ ထုံးစံအတိုင်း တဏှာမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)၊ ဝေဒနာက သမုဒယ သမုဒယသစ္စာ၊ တဏှာက. . . (ဒုက္ခသစ္စာ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

ကောင်းပြီ ဒါ ဝေဒနာတစ်လုံးပဲထားပါတော့ ဝေဒနာ ဘယ်ကလာသတုံး. . . (ဖဿက လာပါတယ်)၊ ဖဿကြောင့် ဝေဒနာပေါ်တယ်. . . (မှန်ပါ)၊ ဖဿက သမုဒယသစ္စာ၊ ဝေဒနာက. . . (ဒုက္ခသစ္စာပါ)။

ဒါဖြင့် ဒုက္ခဘယ်လောက်ရပြီလဲ။ ၁-၂-၃-၄-၅-၆ (ခြောက်မျိုးပါ)၊ ဒုက္ခ ရပြီနော်. . . (မှန်ပါ)။

ခင်ဗျားတို့ နဂိုက ပါဠိကိုသာ လျှောက်ရွတ်ပြီး ဒုက္ခအစ ကြီးလို့သာဆိုတယ်။ ဒီလိုဒုက္ခမသိပါဘူး . . . (မသိပါဘူး ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## ဖဿဘယ်ကလာသလဲ

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဖဿ ဘယ်ကလာသတုံး. . . (သဠာယတနက လာပါတယ်)၊ သဠာယတနဆိုတဲ့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မနက လာတယ်. . . (မှန်ပါ)။ ဒါဖြင့် သဠာယတနပစ္စယာ. . . (ဖဿောပါ)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

မပိုင်ရင် ခင်ဗျားတို့လျှာက အတော်လေးတယ်။ ကံမွဲဉာဏ်မွဲတွေပေါ်နေတယ်. . . (မှန်ပါ)၊ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် ဖဿပစ္စယာ. . . (ဝေဒနာပါ)၊ အဲ- ဒီလိုသွားလိုက်ပါတဲ့ ဒကာ ဒကာမတို့ ဖဿက သမုဒယသစ္စာ၊ ဝေဒနာက. . . (ဒုက္ခသစ္စာပါ)၊ ဒီ ဖဿဘယ်ကလာသတုံး. . . သဠာယတနက လာတယ်. . . (မှန်ပါ)။ သဠာယတနပစ္စယာ . . . (ဖဿောပါ)။ သဠာယတနက ဘာသစ္စာ. . . (သမုဒယသစ္စာပါ)၊ ဖဿက. . . (ဒုက္ခသစ္စာပါ)။

## သဠာယတန ဘယ်ကလာ

ကဲ- ဒုက္ခကုန်အောင်သွားလိုက်၊ သဠာယတန ဘယ်ကလာသတုံး. . . (နာမ်ရုပ်က လာပါတယ်)၊ နာမ်ရုပ်က လာတယ်

ဆိုတာ သဘောကျပြီလား. . . (ကျပါပြီ)၊ နာမရူပ ပစ္စယာ. . . (သဠာယတနပါ)၊ နာမ်ရုပ်က ဘာသစ္စာ. . . (သမုဒယသစ္စာပါ)၊ သဠာယတနက. . . (ဒုက္ခသစ္စာပါ)။

ကိုင်း- နာမ်ရုပ် ဘယ်ကလာသတုံး. . . (ဝိညာဏ်က လာပါတယ်)၊ ပဋိသန္ဓေ ဝိညာဏ်ကလာတယ်. . . (မှန်ပါ)။ ပဋိသန္ဓေ ဝိညာဏ်ဘာသစ္စာ. . . (သမုဒယသစ္စာပါ)၊ နာမ်ရုပ်က . . . (ဒုက္ခသစ္စာပါ)။

ဒီဝိညာဏ်ဘယ်ကလာပါလိမ့်မတုံး. . . (သင်္ခါရက လာ ပါတယ်. . . အတိတ်ကံက် လာတာ. . . (မှန်ပါ)၊ ရှင်းပြီလား . . . (ရှင်းပါပြီ)။

## ကံဆိုတဲ့သင်္ခါရဘယ်ကလာ

ကောင်းပြီ၊ ဒါဖြင့် ဒီကံဆိုတဲ့ သင်္ခါရ ဘယ်တလာပါ လိမ့်. . . (အဝိဇ္ဇာက လာပါတယ်ဘုရား)၊ ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ . . . (သင်္ခါရာပါဘုရား)၊ သင်္ခါရပစ္စယာ. . . (ဝိညာဏံပါ)၊ ဝိညာ ဏပစ္စယာ. . . (နာမရူပံ)၊ ကဲ- အကုန်သွားတတ်ပြီ မဟုတ်လား . . . (သွားတတ်ပါပြီ)။

ကောင်းပြီ၊ ဒါကတော့ ခင်ဗျားတို့ ပြေးနေကျလမ်းမို့ ပြေးတုန်း. . . (မှန်ပါ)၊ ဒီလမ်းက ပြေးနေကျလမ်း. . . (မှန်ပါ)၊

ဒီလမ်းချုပ်တဲ့လမ်းကျတော့ တွေ့ကိုမတွေ့ဘူး။ ဒီလမ်းပေါ် ချည်း လျှောက်ပြေးနေတယ်. . . (မှန်ပါ၊ ရှင်းပါပြီ)။

ဒီဘက်က သုံးခုဟာ အနာဂတ်ဘဝ. . . (မှန်ပါ)၊ ဝိပဿနာ မရှုကောင်းဘူး . . . (မှန်ပါ)။

ဒီသုံးခုက ဘာပါလိမ့် . . . (အနာဂတ်ဘဝပါ)၊ ဒီ ဝိပဿနာ. . . (မရှုကောင်းပါဘူးဘုရား)။

ဒီဘက်က အဝိဇ္ဇာသင်္ခါရက အတိတ်ဘဝ. . . (မှန်ပါ)၊ သူတို့လည်း ဝိပဿနာ မရှုကောင်းဘူး . . . (မှန်ပါ)၊ လွန်ပြီးသား ဖြစ်နေတယ်. . . (မှန်ပါ)။

## ပစ္စုပ္ပန်ဘဝ

ဒါဖြင့် ခင်ဗျားတို့ ပစ္စုပ္ပန်ဘဝသည် ဝိညာဏ်နာမ်ရုပ် (သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန်ကံ)။ တော်တော် ဒါခင်ဗျားတို့ဘဝ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

နောက် ဝယ်ဦးမယ် ကာယကံနဲ့ ဟုတ်လား. . . (မှန်ပါ)၊ ဝယ်ခဲ့စမ်းပါဆိုတဲ့ ဝစီကံနဲ့။ စိတ်ထဲက ဒီဥစ္စာကလေးပဲ တတနေတဲ့ မနောကံနဲ့ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဝိညာဏ်ကအစ. . . (ကံအဆုံးပါ)၊ ကာယကံ ဝစီကံ မနောကံ အဆုံးဆိုပါတော့၊ သာပြီးကောင်းပါတယ်၊ ခင်ဗျားတို့ ထင်ရှားအောင်. . . (မှန်ပါ)။

ဒါဖြင့် အိမ်မှာနေတဲ့ပုဂ္ဂိုလ်များသည် စိတ်ဝိညာဏ်က အစ ကာယကံ ဝစီကံ မနောကံ အဆုံး. . . (မှန်ပါ)။

မြင်စိတ်ကအစ ဘယ်မှာဆုံးမလဲ. . . (ကာယကံ ဝစီကံ မနောကံ အဆုံးပါဘုရား)၊ ကြားစိတ်ကအစ. . . (ကာယကံ ဝစီကံ မနောကံ အဆုံးပါ)၊ နံစိတ်ကအစ. . . (ကာယကံ ဝစီကံ မနောကံ အဆုံးပါ)၊ စားစိတ်ကအစ. . . (ကာယကံ ဝစီကံ မနောကံ အဆုံးပါ)၊ တွေးစိတ်ကအစ. . . (ကာယကံ ဝစီကံ မနောကံ အဆုံးပါ)။

## အနာဂတ်အကြောင်းသုံးခု

ဒီသုံးခုကို မှတ်လိုက်စမ်းပါဦး ဒကာ ဒကာမတို့ ပစ္စုပ္ပန် ဘဝကတော့ ခင်ဗျားတို့ ခန္ဓာတော့ ရှစ်ခုပါပဲ။ သို့သော် တဏှာ ဥပါဒါန်ကံကိုက အနာဂတ်အကြောင်း သုံးခုလို့မှတ်လိုက်. . . (မှန်ပါ)။

တဏှာ ဥပါဒါန်နဲ့ ခုနင်ကပြောခဲ့တဲ့ ကာယကံ ဝစီကံ မနောကံဟာ ဘာအကြောင်းပါလိမ့် . . . (အနာဂတ်အကြောင်း ပါဘုရား)၊ သေသည်၏ အခြားမဲ့၌ ဟောဒီချောက်ဆင်းရ အောင်လို့ ဒီထဲကျအောင် ခင်ဗျားတို့ နေ့တိုင်းလျှောက်တယ် . . . (မှန်ပါ)။

မျက်လုံးဖွင့်လည်း ဒီရောက်တာပဲ. . . (မှန်ပါ)၊ နှာခေါင်း က ရှူရှိုက်ရင်ကော. . . (ဒီရောက်တာပါပဲ)၊ လျှာက စားရင်ကော. . . (ဒီရောက်တာပါပဲ)။

## ဒယ်အိုးအဆင်သင့်ဖြစ်အောင်လို့

ဒီရောက်အောင် ဘယ့်နှယ်ကြောင့် သွားပါလိမ့်မတုံး ဆိုတော့ သေတော့ ဒယ်အိုး အဆင်သင့်ဖြစ်အောင်လို့ ဘုရား . . . (မှန်ပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

ကျောင်းဆောက်တော့ နတ်ပြည်ဘုံပေါက်တယ်ဆို တော့ အဆင်သင့်သွားနေရမှာ ကျုပ်တော့ သိပ်ဝမ်းသာတာပဲ တဲ့. . . (မှန်ပါ)၊ လောဘ ဒေါသ အင်း. . . ကျုပ်လည်း အပါယ် မှာ ဘုံပေါက်နေပြီ၊ ကျုပ်လည်း အဆင်သင့်ဖြစ်နေတော့ ဝမ်းသာ ပါလား အဲဒါကော၊ မသာနိုင်ဘူးလား. . . (မသာနိုင်ပါဘုရား)။

## နန္ဒိယတို့မှာ ဘုံပေါက်တယ်

ဘယ့်နှယ်ကြောင့်တုံး၊ ကျောင်းဆောက်တော့ ဘုံ ပေါက်တယ် နန္ဒိယတို့ ဝမ်းမသာကြဘူးလား. . . (သာပါတယ် ဘုရား)၊ စာဖြစ်လို့တုံး ဒီကလုပ်လို့ ဟိုမှာပေါက်တာ . . . (မှန်ပါ)၊ ဒီကနေ အကုသိုလ်လုပ်တော့ ငရဲမှာလည်း ငရဲဘုံ

ပေါက်မှာပေါ့။ ဒယ်အိုး ကြီးငယ်တွေ မလာပေဘူးလား. . . (လာပါတယ်ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် ရောက်အောင်တော့သွားတယ် ဘုံပေါက်တော့ မကြိုက်ဘူးဆိုတော့ မရဘူး ဒီဥစ္စာ . . . (မှန်ပါ)၊ ရပ့်မလား. . . (မရပါဘူးဘုရား)။

## ငရှတ်သီးစားရင် ဝမ်းလျှောမယ်

ရောက်အောင်တော့. . . (သွားပါတယ်ဘုရား)၊ ဘုံပေါက်တာတော့. . . (မကြိုက်ပါဘူး)၊ ငရုပ်သီးတော့လည်း စားချင်တယ် ဝမ်းလျှောမှာတော့ ကြောက်တယ်ဆိုရင် မဖြစ်ဘူး . . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါဖြင့် ငရုတ်သီးကိုမစားဘဲနဲ့နေမှ မလျှောမှာပေါ့. . . (မှန်ပါ)၊ စားရင်. . . (လျှောမှာပါဘုရား)၊ ဒါဖြင့် စားတာက ဒီထဲ ရောက်အောင်စားထားပြီ။ ဒီဇာတိ ဝမ်းလျှောရုံကျန်တော့တယ် . . . (မှန်ပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)၊ ကဲ- အားလုံး ဒကာ ဒကာမတွေ ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာကျအောင် ပဲပြောလိုက်ဖော့ ဒါတွေဟာ ၁-၂-၃-၄-၅-၆ တွေသာ အကုန် ဒုက္ခတွေမဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)၊ သို့သော်

ခင်ဗျားတို့ခန္ဓာကတော့ဖြင့် ရှစ်ခုလို့မပြောလား. . . (ပြောပါတယ်)၊ ဝိညာဏ်ကအစ. . . (ကံအဆုံးပါဘုရား)။

အဲ. . . သေသေချာချာကြည့်ထားပါ။ ဒါ ခင်ဗျားတို့လက်ရှိခန္ဓာ တရားနာနေတဲ့ ခန္ဓာကိုဆိုတာ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

တရားနာနေတဲ့ ခန္ဓာကိုယ်ဟာ ဘယ်အစ ဘယ်အဆုံးပါလိမ့်. . . (ဝိညာဏ်အစ ကံအဆုံးပါဘုရား)၊ ကာယကံ ဝစီကံ မနောကံအဆုံး. . . (မှန်ပါ)။

ခန္ဓာကိုယ်ထဲဖြစ်စဉ်ကြည့်ပြောတာလား၊ စာကိုလမ်းမှာရေးထားတဲ့ ဆိုင်းဘုတ်ဖတ်သလို ဖတ်တာလား. . . (ခန္ဓာကိုယ်ဖြစ်စဉ်ပြောတာပါ)။

## ခန္ဓာ၏ဖြစ်စဉ်ဟာ ပဋိစ္စသမုပ္ပါဒ်

ဒါက ခန္ဓာကိုယ်ထဲမှာ ဘယ်စိတ်မဆို စိတ်ဝိညာဏ်ဖြစ်တယ်. . . (မှန်ပါ)၊ ဝိညာဏ်ဖြစ်လို့ရှိရင် သွားချင်လာချင်တဲ့ နာမ် ရုပ်. . . (ဖြစ်ပါတယ်)၊ နာမ်ရုပ်ရှိလို့ရှိရင်ဖြင့် ကြည့်ချင်ရှုချင်တဲ့ မျက်လုံးတွေ. . . (ပေါ်ပါတယ်)၊ ကြည့်ချင် ရှုချင်တဲ့ မျက်လုံးရှိရင်ဖြင့် ကျုပ်က ဒီအတိုင်း မကြိုက်ဘူး၊ အတွေ့မှ ကြိုက်တယ်ဆိုတဲ့ ဖဿ. . . (ရှိပါတယ်)၊ ဖဿရှိလို့ရှိရင်ဖြင့်

ကျုပ်က ကိုယ်ကိုယ်တိုင်ကို စားရသောက်ရမှ ကျေနပ်တယ် . . . မလာဘူးလား . . . (လာပါတယ်)၊ စားရပေမယ့်လည်း ကျုပ်သဘောကျဦးမှ ဆိုတဲ့ တဏှာက. . . (လာပါတယ်)၊ ကျုပ် သဘောကျလို့ရှိရင် ကျုပ်ဟာ နောက်ဝယ်စားမှာပဲဆိုတဲ့ ဥပါဒါန်. . . (လာပါတယ်)၊ ဥပါဒါန်ရှိတဲ့ ပုဂ္ဂိုလ်သည် နောက် ဝယ်စားဖို့ဖြစ်တဲ့ ကာယကံ ဝစီကံနဲ့ ငွေပို ရှာမယ်၊ မရှာ ပေဘူးလား. . . (ရှာပါတယ်)၊ သဘောကျပြီလား. . . (ကျပါပြီ)၊ အဲဒါက ခင်ဗျားတို့ဖြစ်စဉ်။ စာရလို့ ရွတ်နေရုံနဲ့ သဘောပေါ်မှာမဟုတ်ဘူး. . . (မှန်ပါ)၊ ဒါက ခန္ဓာ၏ဖြစ်စဉ် ဟာ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပေါ်ပြီလား. . . (မှန်ပါ့)။ ခန္ဓာ၏ ပဋိစ္စသမုပ္ပါဒ်. . . (မှန်ပါ့)။

## ဥပုသ်နေ့မို့ ပြောလိုက်ပါဦးမယ်

ကောင်းပြီ၊ သို့သော်လည်း ဒီနေ့ ဥပုသ်နေ့မို့ ဒကာ ဒကာမတွေ မကြားနာရဖူးသေးတဲ့ ဒကာ ဒကာမတွေများစွာ ပါဝင်နေတော့ သက်သာခွင့်ရတာ အမှန်ကိုလည်း ပြောလိုက် ပါဦးမယ်. . . (မှန်ပါ့)၊ အိမ်မှာနေလို့ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့နေတဲ့ ဒကာ ဒကာမ မှန်လို့ရှိရင် ဝိညာဏ်အစ ကံအဆုံး . . . (မှန်ပါ့)၊ သဘောကျပြီလား. . . (ကျပါပြီ)။

သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ နေတဲ့ ဒကာ ဒကာမများ ဘယ်ကစ၍ ဘယ်ထိအောင်ဖြစ်သလဲ. . . (ဝိညာဏ်အစကံအဆုံးဖြစ်ပါတယ်)၊ ဒါဖြင့် အနာဂတ်အကြောင်းတွေ. . . လုပ်မိ၊ မလုပ်မိ. . . (လုပ်မိပါတယ်ဘုရား)။

## ကျွမ်းထိုးပစ်ဖို့ကောင်းတယ်

ဒကာကြွယ် ကျွမ်းထိုးပစ်ဖို့ကောင်းတယ်. . . (မှန်ပါ)၊ အနာဂတ်အကြောင်းလုပ်တော့ အနာဂတ်အကျိုးတွေက ဘယ့်နှယ်တုံး. . . (ပေးမှာပါဘုရား)၊ ရမှာပဲမဟုတ်လား. . . (ရမှာပါဘုရား)။

ဘယ့်နှယ်ကြောင့် အနာဂတ်အကြောင်းတွေ ကြိုးစားပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)၊ ခင်ဗျားတို့၏ ခန္ဓာဖြစ်စဉ် မသိလို့ ဒီရောက်သွားတာ. . . (မှန်ပါ)၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ)။

## ခန္ဓာ့ဖြစ်စဉ် မသိလို့

ဘာဖြစ်စဉ်မသိလို့ပါလဲ. . . (ခန္ဓာဖြစ်စဉ် မသိလို့ပါဘုရား)၊ ခန္ဓာဖြစ်စဉ်မသိလို့ ဒီရောက်ချည်းသွားနေတာ . . . (မှန်ပါ)။

အံမလေး ခင်ဗျားတို့ တော်တော်ဆိုးတဲ့လူတွေ မဟုတ်ဘူးလား . . . (မှန်ပါ့)၊ ဟိုဘက်မှာ ချိုင့်ကြီးရှိတယ်၊ ဟောဒီမှာ ဇာတိချိုင့် ဇာတိကျင်းကြီး၊ ဇရာ မရဏ ချိုင့် ကျင်းကြီး၊ ဒီရောက်အောင်ကို ပြေးတယ်. . . (မှန်ပါ့)။

ဝိညာဏ်ကနေ ပြေးလိုက်တာ ကံကျအောင် မပြေးဘူးလား. . . (ပြေးပါတယ်)၊ ကံကျအောင်ပြေးတော့ ကံကနေပြီး သကာလ စုတေရင် ဒီချိုင့်မကျဘူးလား၊ ကျမှာလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကနေ့ ဘယ်နှစ်ခေါက် ဒီချိုင့်ရောက်အောင်ပြေးသလဲ. . . (မရေတွက်နိုင်ပါဘူး)။

## ငါသေရင် ဘာများဖြစ်မှာတုံး

ငါသေရင်ဘာများဖြစ်ပါလိမ့်မတုံးဆိုတော့ ဇာတိကြောင့် ဇရာ မရဏချောက်ထဲကျမယ်. . . (မှန်ပါ့)၊ သို့သော် ဘယ်ဇာတိနဲ့ ဘယ်ဇရာ မရဏချောက်ကျမလဲ. . . အပါယ်ဇာတိ၊ အပါယ်ဇရာ မရဏချောက်ကျမယ်၊ ဘာဖြစ်လို့တုံး၊ ဒီရောက်အောင်ပြေးတယ်. . . (မှန်ပါ့)၊ မပြေးဘူးလား. . . (ပြေးပါတယ်)။

သားကလေးမြင်လိုက်တယ်ဆိုရင်ဖြင့် ဟောဒီမှာ ပွေ့ချီချင်ကလာပြီ. . . (မှန်ပါ့)၊ မြေးကလေးမြင်လိုက်တယ်ဆိုရင်ဖြင့်

ဒီမှာ ပွေ့ချီချင်တဲ့ကာယကံက . . . (လာပါပြီ)၊ ဒီကြားထဲက ဟာ မထည့်တော့ပါဘူး၊ ခင်ဗျားတို့ရောက်အောင်သွားနေကျ ဖြစ်လို့ အစနဲ့အဆုံးသာ ကိုင်ပြပါတော့တယ်. . . (မှန်ပါ့ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ)။

## အနာဂတ်အကြောင်း တွေ့လုပ်မိပြီ

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်မြေးကလေး မြင်လိုက်တယ် ဒကာကြွယ်ရေ စောင်းဟောတယ်များ အောက်မမေ့နဲ့နော်. . . (မှန်ပါ့)၊ မြေးကလေးမြင်တော့ စက္ခုဝိညာဏ် မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်)၊ မြင်လို့ရှိရင်ဖြင့် ဟ- ဘယ့်နှယ့်ကြောင့်ငိုသတုံးဆိုတဲ့၊ ငိုသံကြားရင်လည်း ဝစီကံကလေးက ပြောလိုက်တယ်. . . (မှန်ပါ့)၊ ကာယကံကလည်း ငါကြည့်ပါဦးမယ်၊ မနောကံကလည်း အင်း- ဘာဖြစ်ပါလိမ့်မလဲ တွေးလို့ . . . (မှန်ပါ့)၊ မလာဘူးလား. . . လာမလား. . . (လာပါတယ်ဘုရား)။ ဒါဖြင့် ဝိညာဏ်အစ ကံအဆုံး ဟော- မြေးသံကြားရင် . . . (မှန်ပါ့)၊ သဘောကျပြီလား. . . (ကျပါပြီ)၊ သမီးသံကြားရင်. . . (ဝိညာဏ်အစ ကံအဆုံးပါဘုရား)၊ ဩော်. . . အနာဂတ် အကြောင်းကို လုပ်မိပြီလား . . . (လုပ်မိပါတယ်)။

## အနာဂတ်အကျိုး မယူချင်လို့မရ

တဏှာ၊ ဥပါဒါန်၊ ကံဟာ ဘာအကြောင်းတော့တဲ့ . . . (အနာ ဂတ်အကြောင်းပါဘုရား)၊ ဒါဖြင့် ဒီအနာဂတ် အကျိုးကို ခင်ဗျား တို့ မယူချင်ပါဘူးဆိုလို့. . . (မရပါဘူး)။

ခက်တယ်၊ ခင်ဗျားတို့က အကြောင်းတော့လည်း မကြောက်ဘူး၊ အကျိုးကျတော့လည်း မယူချင်ဘူးဆိုတော့ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူးဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီ)။

တဲ- ယနေ့တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု။